# ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

## ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများ

(၁.၄.၂၀၂၅ ရက်နေ့မှ ၃၀.၉.၂၀၂၅ ရက်နေ့အထိ)

**V ADVISORY LIMITED**

**CERTIFIED PUBLIC ACCOUNTANTS**

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

**၂၀၂၅ ခုနှစ်၊စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနေ့ရှိ ဘဏ်၏အချက်အလက်များ**

**ဒါရိုက်တာ**

| | |
|---|---|
| ဦးကျော်တင် | ဥက္ကဋ္ဌ |
| ဒေါ်လှလှဝင်း | ဒါရိုက်တာ |
| ဦးသိန်းလွင် | ဒါရိုက်တာ |
| ဦးမျိုးထွန်း | ဒါရိုက်တာ |
| ဦးသိန်းမြင့် | ဒါရိုက်တာ |
| ဦးထင်အောင်ကျော်ဦး | ဒါရိုက်တာ |
| ဦးလဆန် | ဒါရိုက်တာ |
| ဦးထွန်းဝင်းနိုင် | ဒါရိုက်တာ |
| ဦးသက်ဆွေ | သီးခြားလွတ်လပ်သော ဒါရိုက်တာ |
| ဒေါက်တာလဲ့လဲ့ဝင်း | သီးခြားလွတ်လပ်သော ဒါရိုက်တာ |

**ရုံးခန်းလိပ်စာ**

အမှတ် (၆၁၉/၆၂၁)၊ ကုန်သည်လမ်း၊

ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊

ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

**စာရင်းစစ်**

V Advisory Limited

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

**မာတိကာ**


| | စာမျက်နှာ |
|---|---|
| ဒါရိုက်တာများ၏ တင်ပြချက် | ၁ |
| ပြင်ပစာရင်းစစ် အစီရင်ခံစာ | ၂-၃ |
| ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ကြားဖြတ်အကျဉ်းချုံး ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| ကြားဖြတ်အကျဉ်းချုံး အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှု ရှင်းတမ်း | ၆ |
| ကြားဖြတ်အကျဉ်းချုံး ငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ | ၈-၄၂ |
| နောက်ဆက်တွဲ ဇယားများ | ၄၃-၄၅ |

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အတွက်**

**စီမံအုပ်ချုပ်သူများ၏ တာဝန်တင်ပြချက်**

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ဘဏ်) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော ခြောက်လတာကာလအတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အချက်များပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ယင်းတာဝန်တွင်

- ဆီလျော်သောစာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်းကျင့်သုံးခြင်းနှင့်
- အခြေခံအမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်းတို့ ပါဝင်သည်။

ဘဏ်၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်တော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ဘဏ်၏ ရပိုင်ခွင့်များလုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၎င်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

ကုမ္ပဏီသည် ကြိုတင်သိမြင်နိုင်သောကာလအထိ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် လုံလောက်သော အရင်းအမြစ်များ ရှိနေကြောင်း၊ ကုမ္ပဏီ၏စီမံအုပ်ချုပ်သူများအနေဖြင့် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ထားကြောင်းနှင့် ဤအကြောင်းများကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို လုပ်ငန်းဆက်လက်လုပ်ကိုင်မည့် အခြေအနေဖြင့် လိုက်နာ ရေးဆွဲထားပါသည်။

**စီမံအုပ်ချုပ်သူများကိုယ်စား**

သူရ

**အမှုဆောင်အရာရှိချုပ်**

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

ကျော်တင်

**ဥက္ကဋ္ဌ**

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

ရက်စွဲ။ ။ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

## ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့

## ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သုံးသပ်ချက်အစီရင်ခံစာ

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောခြောက်လတာကာလအတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသောစာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများပါဝင်သည့် ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများကို ကြည့်ရှုသုံးသပ်ခဲ့ပြီး ဖြစ်ပါသည်။

### စီမံအုပ်ချုပ်သူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက် အုပ်ချုပ်မှုတာဝန်ရှိသူများ၏တာဝန်

စီမံခန့်ခွဲသူများမှလိုအပ်သည်ဟုသတ်မှတ်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီရေးဆွဲရန်၊ သင့်လျော်မှန်ကန်စွာ ဖော်ပြရန်နှင့် မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုကင်းသည့် သင့်လျော်မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲဖော်ပြနိုင်ရန်အတွက် လုပ်ငန်းတွင်းထိန်းချုပ်မှုထားရှိရန်တို့မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံအုပ်ချုပ်သူများသည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်းခြင်း သို့မဟုတ် လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုရာတွင် ဘဏ်၏ ရှေ့ဆက် လုပ်ကိုင်နိုင်မည့်စွမ်းရည်၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကိုဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ် မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ အုပ်ချုပ်မှုတာဝန်ရှိသူများ သည် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သုံးသပ်ခြင်းအတွက် စာရင်းစစ်၏တာဝန်

ကျွန်တော်တို့၏တာဝန်မှာ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောရှုထောင့်အားလုံးကို သင့်တင့် လျောက်ပတ်စွာဖော်ပြထားခြင်းမရှိကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းအချက်မရှိကြောင်း တင်ပြရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံ သုံးသပ်ခြင်းဝန်ဆောင်မှုဆိုင်ရာ ၂၄၁၀ " ကြားဖြတ်ဘဏ္ဍာရေး သတင်းအချက်အလက်များအား အဖွဲ့အစည်း၏ ပြင်ပ စာရင်းစစ်မှ သုံးသပ်ခြင်း" ( Review of Interim Financial Information Performed by the Independent Auditor of the Entity)" နှင့် အညီ ကြည့်ရှုသုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများ၏ ကြားဖြတ်အကျဉ်းချုံးကို ကြည့်ရှုသုံးသပ်ရာတွင် ခွဲခြမ်းစိတ်ဖြာသုံးသပ်သည့် နည်းလမ်းများ ကျင့်သုံးခြင်း၊ရရှိလာသည့် အထောက်အထားများကို စီစစ်အကဲဖြတ်ခြင်း၊ နှင့် ဘဏ်ရှိတာဝန်ရှိသူများ နှင့် အခြားသူများအား မေးမြန်းစုံစမ်းခြင်း အပါအဝင် အခြေခံကျသည့် နည်းလမ်းများကို ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းချုံးစစ်ဆေးချက်သည် မြန်မာနိုင်ငံစာရင်းစစ်စံနှုန်းများနှင့်အညီ စစ်ဆေးသည့်စာရင်းများ၏ အတိုင်းအတာထက် သိသိသာသာ နည်းပါး သောကြောင့် စာရင်းစစ်ဆေးရာတွင် ထုတ်ဖော်နိုင်သည့် သိသာထင်ရှားသော ကိစ္စရပ်အားလုံးကို ကျွန်တော်တို့ သိရှိလာမည်ကို အာမခံချက်မရရှိနိုင်ပါ။ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများအား စာရင်းစစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ခြင်း မဟုတ်သည့်အတွက် စာရင်းစစ် ထင်မြင်ချက်ကို ထုတ်ဖော်တင်ပြမည်မဟုတ်ပါ။

## သုံးသပ်ချက်

တင်ပြထားသည့်ဘဏ္ဍာရေးရှင်းတမ်းများကို ကျွန်ုပ်တို့၏ကြည့်ရှုသုံးသပ်မှုများအရ ပူးတွဲပါ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေး ရှင်းတမ်းသည် မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံဘဏ္ဍာရေးဆိုင်ရာစံ (MFRS) နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး အရေးပါသည့်အချက်များအားလုံးသည် သင့်လျော်မှန်ကန်စွာ ဖော်ပြထားခြင်း မရှိကြောင်း ယုံကြည်နိုင်လောက်သည့် သတိပြုစရာအကြောင်းအချက် မရှိကြောင်း တင်ပြအပ်ပါသည်။

## အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင်အစီရင်ခံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ -

ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ၏ ပုဒ်မ ၂၅၇(က) နှင့် ၂၅၈(က) တို့နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

မြတ်နိုးအောင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်
လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်အမှတ် ၁၉၆
V Advisory Limited
အခန်း ၄၀၆၊ အဆောင် ဘီ၊ 45 Complex ၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း**

| | မှတ်စု | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၉၃,၅၀၆,၀၅၃,၉၆၈ | ၆၂,၅၇၈,၆၅၃,၉၇၁ |
| ချေးငွေလက်ကျန် | ၇ | ၁၇၀,၅၀၆,၇၄၉,၉၆၅ | ၁၆၂,၈၄၂,၁၄၁,၇၂၄ |
| အခြားရရန်ရှိ | ၈ | ၁၁,၈၃၈,၂၅၉,၇၂၇ | ၁၄,၆၈၉,၃၀၅,၈၀၆ |
| ကုန်လက်ကျန် | | ၇၄,၄၅၂,၅၄၁ | ၆၀,၆၀၁,၀၈၄ |
| Held for sale | | ၁,၁၉၃,၇၆၈,၇၅၀ | ၁,၁၉၃,၇၆၈,၇၅၀ |
| ရင်းနှီးမြှုပ်နှံမှုများ | ၉ | ၃၆,၂၀၁,၃၀၀,၀၀၀ | ၃၆,၂၀၁,၃၀၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၂,၃၃၆,၅၅၇,၃၉၅ | ၁၀,၈၆၉,၈၂၅,၆၀၅ |
| Right of use assets | | ၅၈၇,၉၄၁,၈၆၆ | ၂၉,၉၀၀,၀၀၀ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၂၃၀,၁၆၀,၁၀၁ | ၂၆၄,၇၀၆,၁၃၆ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၃၂၆,၄၇၅,၂၄၄,၃၁၂ | ၂၈၈,၇၃၀,၂၀၃,၀၇၅ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၂ | ၂၉,၆၆၄,၆၁၃,၀၀၀ | ၂၉,၆၆၄,၆၁၃,၀၀၀ |
| ရှယ်ယာပရီမီယံ | | ၁၁,၈၄၅,၈၇၈,၅၉၇ | ၁၁,၈၄၅,၈၇၈,၅၉၇ |
| ဥပဒေပြဌာန်း အထွေထွေသီးသန့်ရန်ပုံငွေ | ၁၃ | ၂၂,၀၃၇,၃၉၁,၅၂၇ | ၂၂,၀၃၇,၃၉၁,၅၂၇ |
| အရေးပေါ်ကိစ္စများ အတွက်သီးသန့်ရန်ပုံငွေ | ၁၃ | ၁၁၄,၈၅၀,၁၄၃ | ၁၁၄,၈၅၀,၁၄၃ |
| အခြားရန်ပုံငွေ | ၁၃ | ၃,၄၇၈,၃၈၄,၇၄၉ | ၃,၄၇၈,၃၈၄,၇၄၉ |
| အမြတ်လက်ကျန် | | ၂၃,၈၀၂,၀၁၉,၁၃၂ | ၁၈,၂၀၃,၄၈၈,၇၈၀ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | ၉၀,၉၄၃,၁၅၇,၁၄၈ | ၈၅,၃၄၄,၆၀၆,၇၉၅ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ - အပ်နှံသူများ | | ၂၁၁,၀၅၇,၀၂၄,၅၉၄ | ၁၇၆,၅၀၄,၁၄၄,၁၁၀ |
| အပ်ငွေများ - ဘဏ်များ | | ၁၀,၀၅၈,၀၃၃,၃၂၉ | ၁၂,၀၅၈,၀၂၃,၃၂၉ |
| အခြားပေးရန်တာဝန်များ | ၁၄ | ၁၁,၀၀၄,၄၉၄,၂၄၃ | ၁၁,၅၆၄,၁၈၆,၀၀၇ |
| ၂%ချေးငွေဆုံးရှုံးမှုများအတွက် အထွေထွေလျာထားငွေ | | ၃,၄၁၂,၅၃၄,၉၉၉ | ၃,၂၅၉,၂၄၂,၈၃၄ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၂၃၅,၅၃၂,၀၈၇,၁၆၅ | ၂၀၃,၃၈၅,၅၉၆,၂၈၀ |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၃၂၆,၄၇၅,၂၄၄,၃၁၂ | ၂၈၈,၇၃၀,၂၀၃,၀၇၅ |
| **လက်ခံခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်း နှင့် အာမခံပေးခြင်း** | | ၃,၆၁၂,၄၉၃,၆၃၁ | ၃,၁၁၂,၇၁၅,၉၇၀ |
| **ထုတ်ယူခြင်းမရှိသေးသောချေးငွေကတိကဝတ်များ** | | ၄,၂၁၅,၈၈၇,၆၇၉ | ၂,၉၁၄,၄၀၄,၂၁၈ |

**ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။**

**ဒါရိုက်တာများမှ အတည်ပြုချက်**

| | | |
|---|---|---|
| အမှုဆောင်အရာရှိချုပ် | ဒါရိုက်တာ | ဥက္ကဋ္ဌ |

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

**၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်**

**ကြားဖြတ်အကျဉ်းချုံး ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

| | မှတ်စု | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|---|
| | | မြန်မာကျပ် | မြန်မာကျပ် |
| အတိုးဝင်ငွေ | ၁၅ | ၁၄,၃၃၀,၇၅၇,၇၆၆ | ၂၃,၀၅၃,၃၃၆,၃၆၀ |
| အတိုးစရိတ် | ၁၆ | (၇,၇၄၆,၀၂၁,၆၁၁) | (၁၀,၈၁၉,၄၅၆,၂၈၉) |
| **အသားတင် အတိုးဝင်ငွေ** | | **၆,၅၈၄,၇၃၆,၁၅၅** | **၁၂,၂၃၃,၈၈၀,၀၇၁** |
| ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၇ | ၁,၄၇၂,၁၉၀,၉၃၁ | ၁,၆၅၁,၈၃၆,၄၅၉ |
| ကော်မရှင်စရိတ်နှင့်အခကြေးငွေ | ၁၈ | (၄၉၈,၇၃၁,၇၇၀) | (၈၂၉,၀၀၁,၉၈၅) |
| **အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ** | | **၉၇၃,၄၅၉,၁၆၀** | **၈၂၂,၈၃၄,၄၇၄** |
| အခြားဝင်ငွေ | ၁၉ | ၅,၁၀၉,၃၈၂,၆၆၁ | ၁၁,၈၃၅,၄၉၃,၇၈၄ |
| **စုစုပေါင်းအသားတင်ဝင်ငွေ** | | **၁၂,၆၆၇,၅၇၇,၉၇၆** | **၂၄,၈၉၂,၂၀၈,၃၂၉** |
| ဆုံးရှုံးမှုအတွက်လျာထားခြင်းများ | ၂၀ | (၁၅၃,၂၉၂,၁၆၅) | (၉၇၁,၅၆၇,၃၅၆) |
| | | **၁၂,၅၁၄,၂၈၅,၈၁၁** | **၂၃,၉၂၀,၆၄၀,၉၇၃** |
| ဝန်ထမ်းရေးရာစရိတ် | | (၂,၃၁၇,၅၉၈,၂၇၂) | (၄,၁၈၈,၁၀၂,၀၄၄) |
| စီမံခန့်ခွဲမှုနှင့်အထွေထွေစရိတ် | ၂၁ | (၄,၁၂၂,၈၀၃,၉၀၅) | (၄,၉၅၃,၅၅၅,၀၃၁) |
| တန်ဖိုးလျော့ | | (၄၇၅,၃၃၃,၂၈၁) | (၆၄၈,၂၂၃,၀၂၁) |
| **အခွန်မလျာထားမီ အမြတ်/(အရှုံး)** | | **၅,၅၉၈,၅၅၀,၃၅၃** | **၁၄,၁၃၀,၇၆၀,၈၇၇** |
| ဝင်ငွေခွန်စရိတ် | ၂၂ | - | (၂,၁၅၄,၅၉၀,၀၄၉) |
| **အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး)** | | **၅,၅၉၈,၅၅၀,၃၅၃** | **၁၁,၉၇၆,၁၇၀,၈၂၇** |
| အခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | **၅,၅၉၈,၅၅၀,၃၅၃** | **၁၁,၉၇၆,၁၇၀,၈၂၇** |
| **အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ/(အရှုံး)** | ၂၃ | ၁၈၉ | ၄၀၄ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

ဒါရိုက်တာများမှ အတည်ပြုချက်

အမှုဆောင်အရာရှိချုပ် | ဒါရိုက်တာ | ဥက္ကဋ္ဌ

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်

ကြားဖြတ်အကျဉ်းချုံး အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှု ရှင်းတမ်း

| | ရင်းနှီးငွေ | ရှယ်ယာပရီမီယံ | ဥပဒေပြဌာန်း အထွေထွေသီးသန့် ရန်ပုံငွေ | အခြားရန်ပုံငွေ | အရေးပေါ် ကိစ္စများ အတွက် သီးသန့်ရန်ပုံငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ ၃၀ ရက် အထိ | | | | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၄-၂၀၂၅) | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၂၂,၀၃၇,၃၉၁,၅၂၇ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၈၅၀,၁၄၃ | ၁၈,၂၀၃,၄၈၈,၇၈၀ | ၈၅,၃၄၄,၆၀၆,၇၉၅ |
| အမြတ်မခွဲလက်ကျန်သို့စာရင်းပြောင်း | - | - | - | - | - | - | - |
| **စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု** | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၂၂,၀၃၇,၃၉၁,၅၂၇ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၈၅၀,၁၄၃ | ၁၈,၂၀၃,၄၈၈,၇၈၀ | ၈၅,၃၄၄,၆၀၆,၇၉၅ |
| နှစ်အတွင်းစာရင်းညှိနှိုင်းချက် | - | - | - | - | - | - | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | - | - | - | ၅,၅၉၈,၅၅၀,၃၅၃ | ၅,၅၉၈,၅၅၀,၃၅၃ |
| **စာရင်းပိတ်လက်ကျန်** | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၂၂,၀၃၇,၃၉၁,၅၂၇ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၈၅၀,၁၄၃ | ၂၃,၈၀၂,၀၃၉,၁၃၂ | ၉၀,၉၄၃,၁၅၇,၁၄၈ |
| ၂၀၂၄ - ၂၀၂၅ | | | | | | | |
| စာရင်းဖွင့်လက်ကျန် | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၁၉,၀၄၃,၃၄၈,၈၂၀ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၆၉၆,၄၁၂ | ၉,၂၂၁,၃၆၀,၆၅၉ | ၇၃,၃၆၈,၂၈၂,၂၃၇ |
| အမြတ်မခွဲလက်ကျန်သို့စာရင်းပြောင်း | - | - | - | - | - | - | - |
| **စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု** | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၁၉,၀၄၃,၃၄၈,၈၂၀ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၆၉၆,၄၁၂ | ၉,၂၂၁,၃၆၀,၆၅၉ | ၇၃,၃၆၈,၂၈၂,၂၃၇ |
| နှစ်အတွင်းစာရင်းညှိနှိုင်းချက် | - | - | - | - | - | - | - |
| ယခုနှစ် လျာထားချက် | - | - | ၂,၉၉၄,၀၄၂,၇၀၇ | - | ၁၅၃,၇၃၁ | (၂,၉၉၄,၀၄၂,၇၀၇) | ၁၅၃,၇၃၁ |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | - | - | - | ၁၁,၉၇၆,၁၇၀,၈၂၇ | ၁၁,၉၇၆,၁၇၀,၈၂၇ |
| **စာရင်းပိတ်လက်ကျန်** | ၂၉,၆၆၄,၆၁၃,၀၀၀ | ၁၁,၈၄၅,၈၇၈,၅၉၇ | ၂၂,၀၃၇,၃၉၁,၅၂၇ | ၃,၄၇၈,၃၈၄,၇၄၉ | ၁၁၄,၈၅၀,၁၄၃ | ၁၈,၂၀၃,၄၈၈,၇၈၀ | ၈၅,၃၄၄,၆၀၆,၇၉၅ |

ဒါရိုက်တာများမှ အတည်ပြုချက်

အမှုဆောင်အရာရှိချုပ်

ဒါရိုက်တာ

ဥက္ကဋ္ဌ

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက် ကြားဖြတ်အကျဉ်းချုံး ငွေသားစီးဆင်းမှုရှင်းတမ်း

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၃၁-၃-၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| **၁။ လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | ၅,၅၉၈,၅၅၀,၃၅၃ | ၁၄,၁၃၀,၇၆၀,၈၇၇ |
| **စာရင်းညှိနှိုင်းချက်များ** | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၄၇၅,၃၃၃,၂၈၁ | ၆၄၈,၂၂၃,၀၂၁ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | (၁၀၉,၃၈၂,၆၆၁) | (၈,၉၈၅,၇၅၅,၂၁၂) |
| အခြေပစ္စည်းရောင်းချခြင်းမှအမြတ်အပေါ်အခွန် | - | (၈၉၈,၅၇၅,၅၂၂) |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | ၃၄,၆၇၅,၈၀၀ | ၁,၇၈၀,၁၀၁ |
| အထွေထွေကြွေးဆုံးလျာထားချက် | ၁၅၃,၂၉၂,၁၆၅ | - |
| **လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းအမြတ်/(အရှုံး)** | ၆,၁၅၂,၄၆၈,၉၃၈ | ၄,၈၉၆,၄၃၃,၂၆၅ |
| **လက်ငင်းရပိုင်ခွင့်ပေးရန်တာဝန်အတိုး/အလျော့** | | |
| ကုန်လက်ကျန် | (၁၃,၈၅၁,၄၅၇) | (၄,၂၀၂,၈၇၄) |
| ချေးငွေလက်ကျန် | (၇,၆၆၄,၆၀၈,၂၄၁) | (၄၄,၃၇၇,၃၆၄,၃၄၂) |
| အခြားရပိုင်ခွင့်များ | ၃,၄၃၉,၄၇၀,၃၃၇ | (၈၉၆,၈၈၆,၈၄၂) |
| အပ်ငွေစာရင်း (Customer များ) | ၃၄,၅၅၂,၈၈၀,၄၈၄ | ၂၆,၆၅၅,၆၉၅,၅၇၁ |
| အပ်ငွေစာရင်း (အခြားဘဏ်များ) | (၁,၉၉၉,၉၉၀,၀၀၀) | ၁၂,၀၀၀,၀၀၀,၀၀၀ |
| အခြားပေးရန်တာဝန်များ | (၅၅၉,၆၉၁,၇၆၄) | ၂၇၂,၀၈၄,၆၇၁ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | ၃၃,၉၀၆,၆၇၈,၂၉၆ | (၁,၄၅၄,၂၄၀,၅၅၂) |
| ဝင်ငွေခွန်ပေးဆောင်မှု | (၁,၁၄၀,၀၇၇,၆၃၄) | (၇၀၀,၁၇၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | ၃၂,၇၆၆,၆၀၀,၆၆၂ | (၂,၁၅၄,၄၁၀,၅၅၂) |
| **၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | ၁၁၆,၁၀၀,၀၀၀ | ၁၄,၆၉၁,၆၉၅,၂၆၈ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | (၁,၇၄၆,၈၂၃,၃၉၀) | (၁,၅၉၆,၁၄၇,၇၈၅) |
| ဆောက်လုပ်ဆဲ | ၁၉,၈၃၂,၇၂၅ | (၆၂၉,၂၇၀,၈၃၀) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | (၃၀,၀၀၀,၀၀၀) | - |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု/** | (၁,၆၄၀,၈၉၀,၆၆၅) | ၁၂,၄၆၆,၂၇၆,၆၅၃ |
| **၃။ ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| Lease payment | (၁၉၈,၃၁၀,၀၀၀) | (၅၅,၂၀၀,၀၀၀) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/** | (၁၉၈,၃၁၀,၀၀၀) | (၅၅,၂၀၀,၀၀၀) |
| **ငွေသားအသားတင် အတိုး/(အလျော့)** | ၃၀,၉၂၇,၃၉၉,၉၉၇ | ၁၀,၂၅၆,၆၆၆,၁၀၂ |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆၂,၅၇၈,၆၅၃,၉၇၁ | ၅၂,၃၂၁,၉၈၇,၈၆၉ |
| **စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန်** | ၉၃,၅၀၆,၀၅၃,၉၆၈ | ၆၂,၅၇၈,၆၅၃,၉၇၁ |

ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။

အမှုဆောင်အရာရှိချုပ် ဒါရိုက်တာ ဥက္ကဋ္ဌ

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀)ရက်ကုန်ဆုံးသောကာလအတွက်**
**ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ**

---

## ၁။ အထွေထွေ

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ("ဘဏ်") သည် အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီ အဖြစ် ၉.၉.၁၉၉၁ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၂၂၃/၁၉၉၁-၁၉၉၂ ဖြင့် မှတ်ပုံတင်ခဲ့ပါသည်။ ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ မှတ်ပုံတင်လက်မှတ် အသစ် ၁၂၁၅၄၃၄၀၀ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၅.၅.၁၉၉၂ နေ့တွင် မဗဘ/ပီ-၁/(၅)/၁၉၉၂ လုပ်ငန်းလိုင်စင်ဖြင့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်အသစ် မဗဘ/ ပဘ(ဒ)-၀၂/၀၈/၂၀၁၆ (၁၈/၀၈/၂၀၁၆) ကို မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေ ၂၀၁၆၊ ပုဒ်မ ၁၇၆ အရ ကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ခွင့်ပြုခဲ့ပါသည်။

ဘဏ်သည် ရန်ကုန်အစုရှယ်ယာများလဲလှယ်ရောင်းဝယ်ရေးဌာနတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အပိုဒ် ၄၁ (ဂ) နှင့်အညီ ၃၀.၁၂.၂၀၁၆ နေ့တွင် မှတ်ပုံတင်မှတ် ၀၀၀၄ ဖြင့် အောင်မြင်စွာ စာရင်းဝင်ခဲ့ပြီးဖြစ်ပါသည်။

ဘဏ်၏အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

ဘဏ်၏မှတ်ပုံတင်ထားသည့် ရုံးနေရာသည် အမှတ် (၆၁၉/၆၂၁)၊ ကုန်သည်လမ်း၊ (ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်) ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါသည်။

ဘဏ်သည် ၃၀.၉.၂၀၂၅ နေ့တွင် ဘဏ်ခွဲပေါင်း ၄၁ ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။

## ၂။ စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမှု

ဘဏ်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကုန်ဆုံးသောကာလအတွက် ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများကို ကြားဖြတ်ဘဏ္ဍာရေးအစီရင်ခံခြင်း (မြန်မာနိုင်ငံ စာရင်းကိုင်ဆိုင်ရာစံ ၃၄)၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ပြုစုတင်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့် ကုန်ကျစရိတ်များအပေါ် အခြေခံ၍ ပြုစုရေးဆွဲထားပါသည်။ ယခုနှစ်ကျင့်သုံးနေသော စာရင်းဆိုင်ရာ မူဝါဒများ သည် ယခင်နှစ်တွင် ကျင့်သုံးခဲ့သော မူဝါဒများအတိုင်းဖြစ်ပြီး ပြောင်းလဲမှု မရှိပါ။

### စာရင်းကာလ

စာရင်းကာလမှာ ၁.၄.၂၀၂၅ နေ့မှ ၃၀.၉.၂၀၂၅ နေ့အထိ ဖြစ်ပါသည်။ ၃၁.၃.၂၀၂၅ နေ့ကုန်ဆုံးသောဘဏ္ဍာရေးနှစ် အတွက် ပေါ်ပေါက်နေသည့် စာရင်းသွင်းချက်များနှင့် ၃၁.၃.၂၀၂၅ နေ့ရှိ စာရင်းလက်ကျန်များသည် ယခုအစီရင်ခံစာနှင့် နှိုင်းယှဉ်ဖော်ပြရန်အတွက်သာ ဖြစ်ပါသည်။

## ၃။ အရေးပါသော စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်

### ၃-၁။ နိုင်ငံခြားငွေဖလှယ်မှုများ

ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာကျပ်ဖြင့် တင်ပြထားပါသည်။ မြန်မာကျပ်သည် ဘဏ်၏လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးလည်း ဖြစ်ပါသည်။ ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးမဟုတ်သည့် နိုင်ငံခြားငွေကြေးများကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ် ဖလှယ်ပြီးရေးသွင်းပါသည်။ အစီရင်ခံသည့်နေ့တွင် နိုင်ငံခြားငွေကြေးများဖြင့် တည်ရှိသည့် ငွေကြေးဆိုင်ရာ ရပိုင်ခွင့်များကို ၎င်းနေ့ရှိ ငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲတန်ဖိုးသင့်ပြီး ဖော်ပြပါသည်။ နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့် ရပိုင်ခွင့်များကို သင့်တင့်သောတန်ဖိုး သတ်မှတ်သောနေ့ရှိ ငွေလဲလှယ်နှုန်းအတိုင်း တန်ဖိုးသင့်၍ ဖော်ပြပါသည်။ ပြီးခဲ့သည့်ဖြစ်ရပ်အပေါ် အခြေခံ၍ တွက်ချက်ထားသော နိုင်ငံခြားငွေကြေးဖြင့်တည်ရှိသည့် ငွေကြေးမဟုတ်သည့် ရပိုင်ခွင့်များကို တန်ဖိုး ပြောင်းလဲခြင်း မပြုပါ။

ငွေကြေးဆိုင်ရာကိစ္စရပ်များကို ပေးချေခြင်းနှင့် ငွေကြေးဆိုင်ရာရပိုင်ခွင့်များ တန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ ဖလှယ်မှုခြားနားချက်ကို အဆိုပါ ကာလအတွက် အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

### ၃-၂။ အတိုးရငွေနှင့် အတိုးစရိတ်

Effective interest method ဆိုသည်မှာ ဘဏ္ဍာရေး ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ လျော့ချထားသော ကုန်ကျစရိတ်ကို တွက်ချက်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး အတိုးရငွေများနှင့် အတိုးကုန်ကျစရိတ်များကို သက်ဆိုင်ရာကာလ တလျှောက် အညီအမျှခွဲဝေ စာရင်းထည့်သွင်းခြင်း ဖြစ်ပါသည်။ Effective interest rate ဆိုသည်မှာ ငွေရေးကြေးရေး စာချုပ်စာတမ်းများ၏ ခန့်မှန်းသက်တမ်း သို့မဟုတ် ပိုနည်းသောကာလ တလျှောက် ခန့်မှန်းအနာဂတ် ငွေပေးချေမှု သို့မဟုတ် ငွေလက်ခံမှုများကို ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ အသားတင် သယ်ဆောင်သည့်တန်ဖိုးသို့ တိကျတူညီစွာ လျှော့ချသည့် အတိုးနှုန်းထား ဖြစ်ပါသည်။ Fair value through profit or loss ဖြင့် တိုင်းတာသည့် ဘဏ္ဍာရေးဆိုင်ရာစာချုပ်စာတမ်းမှလွဲ၍ ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများအတွက် ဝင်ငွေ နှင့် စရိတ် တို့ကို Effective interest rate ဖြင့် စာရင်းရေးသွင်းပါသည်။ Effective Interest Rate ဖြင့် စာရင်းသွင်းနိုင်ရေးအတွက် Core-Banking Vendor နှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကာလတွင် Nominal Interest Rate ဖြင့်သာ စာရင်းရေးသွင်းထားရှိပါသည်။

### ၃-၃။ ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများ

ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများကို ဖောက်သည်များသို့ ဝန်ဆောင်မှုပေးသည့်အချိန်၌ စာရင်းထည့်သွင်း ပါသည်။

- အရေးပါသောလုပ်ဆောင်ချက်များ ထိတွေ့လုပ်ဆောင်ခြင်းမှ ရရှိခဲ့သည့်ဝင်ငွေများကို ထိုလုပ်ဆောင်ချက် ပြီးဆုံးသည့်အချိန်တွင် ဝင်ငွေအဖြစ် စာရင်းသွင်းပါသည်။ (ဥပမာ - Payment orders၊ telegraphic transfer ၊ remittance နှင့် အခြားဝန်ဆောင်မှုများ ပြုလုပ်ခြင်းမှ ရရှိခဲ့သည့် ကော်မရှင်ခ)၊

**၃-၃။ ဝန်ဆောင်ခများနှင့် ကော်မရှင်ရငွေများ (အဆက်)**

- ဖောက်သည်များသို့ ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ ပေးခြင်းမှ ရရှိသည့်ဝင်ငွေကို ထိုဝန်ဆောင်မှု များကို ပေးပြီးသည့်အချိန်တွင် အချိန်ကာလပေါ် အချိုးချ၍ ဝင်ငွေအဖြစ် စာရင်းသွင်းပါသည်။ (ဥပမာ - default fees on loans, service charges and commitment fee for loans overdrafts)

**၃-၄။ အမြတ်ဝေစုရငွေ (Dividend Income)**

အမြတ်ဝေစုရငွေကို ပေးချေမှုများ ရပိုင်ခွင့်ရှိသည်ဟု အကျိုးအကြောင်း ခိုင်မာသည့်အချိန်၌ စာရင်း ထည့်သွင်းပါသည်။

**၃-၅။ အခြားရငွေ(Other Income)**

အခြားရငွေတွင် နိုင်ငံခြားငွေလဲလှယ်မှုများမှ ရရှိလာသော အရှုံးအမြတ်များ၊ အခြားရင်းမြစ်များမှ ဝင်ငွေအဖြစ် ရရှိလာသည့် အခြားဝင်ငွေများပါဝင်ပါသည်။

**၃-၆။ ဝင်ငွေခွန်**

<u>လက်ငင်းအခွန်စရိတ်</u>

လက်ငင်းအခွန်သည် နှစ်အတွင်းရရှိသည့် ဝင်ငွေခွန်ကျသင့်သည့်အမြတ်အပေါ် အစီရင်ခံသည့်နေ့တွင် (သိသာစွာ) ပြဋ္ဌာန်းထားသည့် အခွန်နှုန်းထားဖြင့် တွက်ချက်ပါသည်။ လက်ငင်းအခွန်ပေးရန်တာဝန်သည် လက်ရှိနှစ်၏ အခွန်ကျသင့်နိုင်သည့်အမြတ်အပေါ် အခြေခံထားပါသည်။ အခွန်ကျသင့်နိုင်သည့် အမြတ်သည် အရှုံးအမြတ် စာရင်းနှင့် ဝင်ငွေအလုံးစုံရှင်းတမ်းတွင် ဖော်ပြထားသည့် အခွန်မနုတ်မီအမြတ်နှင့် တူညီပါသည်။ အခြားနှစ်များ တွင် အခွန်ကျသင့်နိုင်သည့် စာရင်းများ သို့မဟုတ် အခွန်စည်းကြပ်ရာတွင် နုတ်ပယ်၍ ရနိုင်သည့် စရိတ်များ ပါဝင်နေခြင်းနှင့် လုံးဝအခွန်မကျသင့်နိုင်သည်များနှင့် အခွန်စည်းကြပ်ရာတွင် စရိတ်အဖြစ် လုံးဝနုတ်ပယ်ခွင့် မရှိသည် များ ပါဝင်ပါသည်။

ဘဏ်၏ လက်ငင်းအခွန်ကို အစီရင်ခံသည့်ကာလ ကုန်ဆုံးချိန်တွင် ပြဋ္ဌာန်းထားသည့် အခွန်နှုန်း ၁၇ % ကို အသုံးပြု၍ တွက်ချက်ရန်ဖြစ်ပြီး ၃၀.၉.၂၀၂၅ ကုန်ဆုံးသော (၆)လတာ ကာလအတွက် ဝင်ငွေခွန်လျာထားတွက်ချက်ထားခြင်း မရှိသေးသော်လည်း ကြိုတင်ခွန်အနေဖြင့် ပေးဆောင်ထားပါသည်။ ဘဏ်သည် Yangon Stock exchange တွင် စာရင်းဝင်ဖြစ်သည့်အတွက် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ အကျုံးဝင်သည့် ပြည်ထောင်စုအခွန်အကောက်ဥပဒေ ၂၀၂၅ အရ သတ်မှတ်ထားသည့် ကော်ပိုရိတ်ဝင်ငွေခွန်မှာ ၁၇% ဖြစ်ပါသည်။

<u>ရွှေ့ဆိုင်းအခွန်</u>

ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ကနဦးစာရင်းထည့်သွင်းချိန်တွင်ဖြစ်ပေါ်သည့် ကွာခြားမှုမှတပါး ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို အခွန်အခြေခံဖြင့် တွက်ချက်ရရှိထားသည်များနှင့် ဘဏ္ဍာရေးရှင်းတမ်းပါ သယ်ဆောင်လာသည့် ပမာဏများအကြား ယာယီကွာခြားမှုများရှိသည့်အခါ ရွှေ့ဆိုင်းအခွန်အဖြစ် စာရင်းထည့်သွင်းပါသည်။

## ၃-၆။ ဝင်ငွေခွန် (အဆက်)

ရွှေ့ဆိုင်းအခွန် (အဆက်)

အခွန်ကျသင့်နိုင်သည့်အမြတ်မှ ရွှေ့ဆိုင်းအခွန်များကို အသုံးပြုနိုင်ခြေရှိပါက အဆိုပါ နုတ်ခွင့်ရနိုင်သည့် ယာယီကွာခြားမှုများအားလုံးအတွက် ယေဘုယျအားဖြင့် စာရင်းရေးသွင်းပါသည်။ အခွန်ကျသင့်နိုင်သည့်အမြတ် သို့မဟုတ် စာရင်းအရအမြတ်များ မဟုတ်သည့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ကနဦးစာရင်းရေးသွင်းခြင်း (လုပ်ငန်းပေါင်းစည်းခြင်းမှလွဲ၍) မှ ပေါ်ပေါက်လာသည့် ယာယီကွာခြားချက်ဖြစ်ပါက ရွှေ့ဆိုင်းအခွန်ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အဖြစ် စာရင်းမရေးသွင်းပါ။ ထို့ပြင် လုပ်ငန်းအမည်ကောင်းတန်ဖိုးကို ကနဦးစာရင်းသွင်းခြင်းမှ ပေါ်ပေါက်လာသည့် ယာယီကွာခြားချက်များ ပေါ်ပေါက်ခဲ့ပါက ရွှေ့ဆိုင်းအခွန်ပေးရန် တာဝန်များကို စာရင်းမရေးသွင်းပါ။

ရွှေ့ဆိုင်းအခွန်ရပိုင်ခွင့်များကို ဘဏ္ဍာရေးနှစ်တစ်နှစ်ကုန်ဆုံးချိန်တိုင်းတွင် သုံးသပ်ရမည် ဖြစ်သည်။ ထို့ပြင် ရေရှည်တွင် ရပိုင်ခွင့်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးပေါ် ပြန်လည်ရရှိနိုင်အောင် လုံလောက်သော အခွန်ကျသင့်နိုင်သည့် အမြတ်များရရှိနိုင်ခြေမရှိပါက အဆိုပါ ရွှေ့ဆိုင်းအခွန်ရပိုင်ခွင့်များကို လျှော့ချရမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးကာလအတွင်း ရရန်ပိုင်ခွင့်များ အမှန်တကယ်ရရှိခဲ့သည့်၊ ပေးရန်တာဝန်များ ပေးချေရသည့် ကာလအတွင်း ကျရောက်မည်ဟု မျှော်မှန်းထားသည့် အခွန်နှုန်းထား သို့မဟုတ် ၎င်းနောက်ပိုင်း ပြဋ္ဌာန်းသည့်အခွန်နှုန်းများဖြင့် တွက်ချက်ပါသည်။

ရွှေ့ဆိုင်းအခွန် ပေးရန်တာဝန် တိုင်းတာခြင်းများသည် အစီရင်ခံသည့်ကာလပြီးဆုံးချိန်တွင် ဘဏ်၏ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ပြန်လည်ရရှိစေရန် သို့မဟုတ် ပေးချေရန် ဘဏ်က မျှော်မှန်းခြင်းဖြင့် ပြုလုပ်သည့် လုပ်ဆောင်ချက်များနောက်မှ လိုက်ပါလာသည့် အခွန်ဆိုင်ရာအကျိုးဆက်များကို ရောင်ပြန်ဟပ်စေပါသည်။

## ၃-၇။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ

ဘဏ်သည် စာချုပ်စာတမ်းအရ ပါဝင်သူတစ်ဦးဖြစ်လာသည့်အခါ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို စာရင်းရေးသွင်းပါသည်။

### ၃-၇-၁။ ဘဏ္ဍာရေးရပိုင်ခွင့်များ

ဘဏ္ဍာရေးစာချုပ်စာတမ်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားပါသည်။ အရှုံးအမြတ်စာရင်း မှတဆင့် သင့်တင့်သောတန်ဖိုးဖြင့် ဖော်ပြသည့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ၊ ချေးငွေများနှင့်ရရန်ရှိများ ၊ Held to maturity ၊ Available for sale တို့ ဖြစ်ပါသည်။ ဘဏ္ဍာရေးရပိုင်ခွင့်များ၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝအပေါ် မူတည်၍ အဆင့်အတန်းများကို ကနဦးစာရင်းရေးသွင်းသည့်အချိန်တွင် သတ်မှတ်ပါသည်။

**၃-၇။ ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ (အဆက်)**

**(၁) အရှုံးအမြတ်စာရင်းမှတဆင့် သင့်တင့်သောတန်ဖိုးဖြင့် ဖော်ပြသည့် ဘဏ္ဍာရေးစာချုပ်စာတမ်းများ**

ကာလတိုအတွင်း ရောင်းရန် သို့မဟုတ် ပြန်ဝယ်ရန်အတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ ပါဝင်ပါသည်။

အဆိုပါစာချုပ်စာတမ်းများအား ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းပြီး ရောင်းဝယ်ခြင်း ကုန်ကျစရိတ်များကို အရှုံးအမြတ်စာရင်းတွင် တိုက်ရိုက်ကျခံပါသည်။ သင့်တင့်သောတန်ဖိုး ပြောင်းလဲမှုများ နှင့် အမြတ်ဝေစုရငွေများအား အရှုံးအမြတ်စာရင်းတွင် “ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများပေါ် အသားတင်အမြတ်/အရှုံး” ခေါင်းစဉ်ဖြင့် စာရင်းထည့်သွင်းပါသည်။ ၎င်းတို့နှင့် ပတ်သက်၍ အတိုးဝင်ငွေများ ရရှိလျှင် အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းပါသည်။ ပုံမှန်ရောင်းချခြင်း၊ ဝယ်ယူခြင်းအား အရောင်းအဝယ် ပြုလုပ်သောနေ့တွင် စာရင်းထည့်သွင်းပါသည်။

**(၂) ချေးငွေများနှင့်ရရန်ရှိများ**

ချေးငွေများနှင့်ရရန်ရှိများဆိုသည်မှာ ရောင်းချနိုင်သောဈေးကွက်မရှိသည့် ပုံသေ သို့မဟုတ် ဆုံးဖြတ်ထား သော တန်ဖိုးပါဝင်သော Non-derivative financial assets များကို ဆိုလိုသည်။ ဤခေါင်းစဉ်အောက်တွင် ဘဏ်များရှိ ငွေများ၊ ငွေလက်ကျန်များ၊ ချေးငွေများနှင့် ကြိုတင်ပေးငွေများ ပါဝင်သည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သောစရိတ်များ အပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်း တွင် Effective Interest Method ဖြင့် တန်ဖိုးလျော့ပြီး စာရင်းထည့်သွင်း ဖော်ပြရန်ဖြစ်ပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသောအတိုးဝင်ငွေများကို "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့် အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါမည်။ တန်ဖိုးလျော့ကျမှုများရှိပါကလည်း အရှုံးအမြတ်စာရင်းတွင် "တန်ဖိုးလျော့ကျမှုစရိတ်" ခေါင်းစဉ်ဖြင့် ဖော်ပြပါမည်။ လက်ရှိကာလတွင် Nominal Interest Rate ဖြင့်သာ စာရင်းရေးသွင်း၍ ၎င်းတို့အပေါ်တွင် ရရှိသောအတိုးဝင်ငွေများကို "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့် အရှုံးအမြတ်စာရင်းတွင် ဖော်ပြထားပါသည်။

**(၃) Held to maturity**

အကျိုးဖြစ်ထွန်းမည်ဟု ယူဆထားပြီး သတ်မှတ်ဖော်ပြထားသော သက်တမ်းစေ့ရောက်သည့်အချိန်ထိ ကိုင်ဆောင်ထားမည် ဟု စီမံခန့်ခွဲသူများမှ ရည်ရွယ်ထားသော ပုံသေ သို့မဟုတ် ဆုံးဖြတ် ထားသော တန်ဖိုးဖြင့် ကိုင်ဆောင်ထားသော ရပိုင်ခွင့်များကို ဆိုလိုပါသည်။ အရေးမပါသောပမာဏမှလွဲ၍ ပြန်လည်ရောင်းချမည်ဟု ဆုံးဖြတ်သော အချိန်မှစတင်ကာ Available for sale အဖြစ် ပြောင်းလဲ သတ်မှတ်ပါသည်။ (၁၂)လ အတွင်း သက်တမ်းစေ့ရောက်ပါက လက်ငင်းရပိုင်ခွင့်များ အဖြစ်သတ်မှတ်ပြီး (၁၂)လအထက်ဖြစ်ပါက လက်ငင်း မဟုတ်သည့် ရပိုင်ခွင့်များအဖြစ် သတ်မှတ်ပါသည်။ ကနဦးတွင် တိုက်ရိုက်သက်ဆိုင်သောစရိတ်များ အပါအဝင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းသွင်းဖော်ပြပြီး နောက်ပိုင်းတွင် Effective interest method ဖြင့် စာရင်း ရေးသွင်းပါသည်။ အတိုးဝင်ငွေများနှင့်ပတ်သက်၍ "အတိုးဝင်ငွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း တန်ဖိုကျဆင်းမှုများ ရှိလာပါက "တန်ဖိုးကျဆင်းမှု စရိတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အရှုံးအမြတ် စာရင်းတွင် ဖော်ပြပါသည်။

(ç) **Available for sale**

အထက်ဖော်ပြပါအမျိုးအစား(၃)မျိုးနှင့် မသက်ဆိုင်သောရပိုင်ခွင့်များကို Available for sale အဖြစ် သတ်မှတ်ပါသည်။

ကနဦးတွင် သင့်တင့်သောတန်ဖိုးဖြင့် စာရင်းရေးသွင်းပါသည်။ အဆိုပါ သင့်တင့်သောတန်ဖိုး ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောအရှုံးအမြတ်များအား အခြားအလုံးစုံဝင်ငွေအောက်တွင် ဖော်ပြပါသည်။ သို့ရာတွင် တန်ဖိုးကျဆင်းမှုများ၊ ငွေရေးကြေးရေးစာချုပ်စာတမ်းများနှင့် သက်ဆိုင်သော နိုင်ငံခြား ငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အရှုံးအမြတ်များနှင့် effective interest method ဖြင့်တွက်ချက်ထားသော အတိုးစရိတ်များကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြရန်ဖြစ်ပါသည်။

၎င်းတို့အား စာရင်းမှ ထုတ်ပယ်သောအခါ မူလက အခြားအလုံးစုံဝင်ငွေအောက်တွင် ရေးသွင်းခဲ့သော စုစုပေါင်းအရှုံးအမြတ်အား အစုရှင်များ၏ပိုင်ဆိုင်မှုမှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်း ထည့်သွင်း ပါသည်။ Effective interest method ဖြင့် တွက်ချက်၍ ရရှိလာသော အတိုးများကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြရန်ဖြစ်ပါသည်။ ၎င်းတို့အပေါ်တွင် ရရှိသော အမြတ်ဝေစုများကိုမူ အရှုံးအမြတ် စာရင်းတွင် ဖော်ပြပါသည်။

Available for sale အဖြစ်သတ်မှတ်ထားသော ဘဏ္ဍာရေးရပိုင်ခွင့်များတွင် unquoted share များ ပါဝင်ပါသည်။ သင့်တင့်သောတန်ဖိုး သေချာစွာတိုင်းတာရန်ခက်ခဲသော အဆိုပါ unquoted share များကို တန်ဖိုးကျဆင်းမှုများ နုတ်ပယ်ပြီး ကျန်ရှိသည့် မူရင်းဝယ်ဈေးဖြင့် ဖော်ပြပါသည်။

လက်ရှိကာလတွင် Nominal Interest Rate ဖြင့်သာ စာရင်းရေးသွင်းထားရှိပါသည်။

## ၃-၇-၂။ ဘဏ္ဍာရေးပေးရန်တာဝန်များ

**Other Non-derivative Financial Liabilities**

Other Non-derivative Financial Liabilities တို့အား ကနဦးတွင် တိုက်ရိုက်ပတ်သက်နေသော ကုန်ကျစရိတ်များ နုတ်ပယ်၍ သင့်တင့်သောတန်ဖိုး အပေါ်တွင် သတ်မှတ်ဖော်ပြပါသည်။ နောက်ပိုင်း ကာလများတွင် Amortized cost method ဖြင့် တိုင်းတာဖော်ပြပါသည်။ ဘဏ်တွင် သင့်တင့်သော တန်ဖိုးကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြသည့် ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ မရှိပါ။ Amortized cost ဖြင့် သတ်မှတ်ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များတွင် အများပြည်သူများ၏ အပ်နှံငွေများနှင့် ဘဏ်များမှ အပ်နှံငွေများနှင့် အခြားချေးယူငွေများ ပါဝင်ပါသည်။

## ၃-၇-၃။ စာရင်းရေးသွင်းခြင်းနှင့် စာရင်းမှ ထုတ်ပယ်ခြင်း

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ၎င်းတို့အား စတင်ဖြစ်ပေါ်ချိန်၌ရှိသော သင့်တင့်သော တန်ဖိုးဖြင့် တိုင်းတာ၍ စာရင်းရေးသွင်းပါသည်။

ဘဏ်သည် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ပတ်သက်၍ ၎င်းရပိုင်ခွင့် ကုန်ဆုံးသောအချိန်သို့မဟုတ် ၎င်းရပိုင်ခွင့်အား အခြားသူများထံသို့ အလုံးစုံလွှဲပြောင်းသောအခါ စာရင်းမှထုတ်ပယ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များကိုမူ ပျက်ပြယ်သောအခါ သို့မဟုတ် သက်တမ်းကျော်လွန် သောအခါ စာရင်းမှ ထုတ်ပယ်ပါသည်။

**၃-၈။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များ တန်ဖိုးလျော့ကျမှု**

Fair value through profit or loss ဖြင့် စာရင်းသွင်းသည့် ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့် မှလွဲ၍ အခြားဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များကို အစီရင်ခံသည့်ကာလတစ်ခုစီ၏ ကုန်ဆုံးချိန်တွင် တန်ဖိုးလျော့ကျမှုညွှန်းကိန်းများအတွက် အကဲဖြတ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်ကို ကနဦးစာရင်းသွင်းပြီးနောက် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသောဖြစ်ရပ်များကြောင့် ရင်းနှီးမြှုပ်နှံမှု၏ ခန့်မှန်းခြေအနာဂတ် ငွေသားစီးဆင်းမှုများအပေါ် သက်ရောက် မှု ရှိပါသည်။ တန်ဖိုးလျော့နည်းဆုံးရှုံးမှုအတွက် သက်သေအထောက်အထားရှိသည့်အခါ ဘဏ္ဍာရေး ဆိုင်ရာ ရပိုင်ခွင့်ကို တန်ဖိုးလျော့ချရန် ထည့်သွင်းစဉ်းစားပြီး တန်ဖိုးလျော့ကျခြင်းကို စာရင်းရေးသွင်းပါသည်။

ချေးငွေများ တန်ဖိုးလျော့ကျနေသည်ဟု ဖော်ပြနေသော အထောက်အထားများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ငွေချေးယူသူသည် သိသာစွာ ဘဏ္ဍာရေးအခြေအနေ အခက်အခဲ ဖြစ်ပေါ်နေခြင်း၊
- စာချုပ်ပါ သဘောတူညီချက်များအား ချိုးဖောက်ခြင်း၊ လိုက်နာရန် ပျက်ကွက်နေခြင်း၊
- ငွေချေးယူသူသည် လူမွဲစာရင်းခံယူရန် အလားအလာ ရှိနေခြင်း သို့မဟုတ် ငွေချေးယူသူ၏ စီးပွားရေး လုပ်ငန်းများ ကောင်းစွာ လည်ပတ်နိုင်သည့်အခြေအနေမရှိခြင်း သို့မဟုတ် ငွေချေးယူသူများ၏ ပြန်လည် ပေးသွင်းနိုင်မည့် အခြေအနေများကို ထိခိုက်စေနိုင်သည့် သတင်းများ သို့မဟုတ် စီးပွားရေးအခြေအနေများ ပြည်တွင်းတွင် ဖြစ်ပေါ်လာခြင်း၊

Amortised cost ဖြင့် သယ်ဆောင်လာသော ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များအတွက် တန်ဖိုးလျော့ကျဆုံးရှုံးမှု ပမာဏသည် ရပိုင်ခွင့်၏ သယ်ဆောင်သည့်ပမာဏနှင့် ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များအတွက် efficetive interest rate ဖြင့် တွက်ချက်ထားသည့် ခန့်မှန်းခြေ ငွေသားစီးဆင်းမှု၏ လက်ရှိတန်ဖိုးအကြား ကွာခြားချက်အား တွက်ချက်ရန်ဖြစ်ပါသည်။

ကုန်ကျစရိတ်ဖြင့် သယ်ဆောင်လာသော ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များအတွက် တန်ဖိုးလျော့ကျဆုံးရှုံးမှု ပမာဏ သည် ရပိုင်ခွင့်၏ သယ်ဆောင်သည့်ပမာဏနှင့် အလားတူ ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များအတွက် လက်ရှိဈေးကွက်ပေါက်ဈေးဖြင့် တွက်ချက်ထားသည့် ခန့်မှန်းခြေငွေသားစီးဆင်းမှု၏ လက်ရှိတန်ဖိုးအကြား ကွာခြားချက်ဖြစ်ပါသည်။ ထိုသို့သော တန်ဖိုးလျော့ကျဆုံးရှုံးမှုသည် နောက်ဆက်တွဲကာလများတွင် ပြောင်းပြန် ဖြစ်မည်မဟုတ်ပါ။

ချေးငွေနှင့် ကြိုတင်ငွေမှလွဲ၍ ကျန်ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များအားလုံးအတွက် တန်ဖိုးလျော့ကျ ဆုံးရှုံးခြင်းက ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်၏ သယ်ဆောင်လာသောပမာဏကို လျော့ကျစေပါသည်။ ချေးငွေအား ပြန်လည်ကောက်ခံရန် မဖြစ်နိုင်တော့ပါက ချေးငွေတန်ဖိုးလျော့ကျမှုခွင့်ပြုငွေစာရင်းတွင် ပယ်ဖျက်ပါသည်။ အဆိုပါချေးငွေများအား လိုအပ်သောနည်းလမ်းများဖြင့် ဆုံးရှုံးမှုများအား သတ်မှတ်ပြီးပါက ပယ်ဖျက်မှု ပြုလုပ်ပါသည်။ ယခင်စာရင်းမှ ပယ်ဖျက်ထားသောချေးငွေများ ပြန်လည်ရရှိခဲ့ပါက အရှုံးအမြတ်စာရင်းတွင် ဝင်ငွေအဖြစ် ဖော်ပြပါသည်။

## ၃-၈။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များ တန်ဖိုးလျော့ကျမှု (အဆက်)

### Credit quality

ဘဏ်သည် ၎င်း၏ချေးငွေများနှင့် ကြိုတင်ငွေများကို ဗဟိုဘဏ်၏ စည်းမျဉ်းများနှင့်အညီ အမျိုးအစားခွဲပါသည်။ ဗဟိုဘဏ်မှ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအပေါ် အခြေခံ၍ ဘဏ်သည် ယေဘုယျ အားဖြင့် ၎င်း၏ချေးငွေများနှင့် ကြိုတင်ငွေများကို စာချုပ်အရ ပေးချေရန် ရက်ပေါင်း ၆၀ ကျော် သော်လည်း ရက်ပေါင်း ၉၀ ထက် မကျော်ဘဲ ငွေပေးချေရန် ပျက်ကွက်သောအခါတွင် "Sub-standard" အဖြစ် သတ်မှတ်ပါသည်။ ချေးငွေနှင့် ကြိုတင်ငွေများကို ယေဘုယျအားဖြင့် ရက်ပေါင်း ၉၁ မှ ရက်ပေါင်း ၁၈၀ အထိနှင့် ရက်ပေါင်း ၁၈၀ ကျော်ပါက " Doubtful " နှင့် " loss " အဖြစ် အသီးသီး ထပ်မံသတ်မှတ်ထားပါသည်။

### Performing loans

"Pass" အဆင့်သည် ကျန်ရှိနေသည့် ကြွေးမြီများကို အချိန်မီပြန်ဆပ်ခြင်းရန် သံသယဖြစ်ဖွယ်မရှိသည့်အပြင် ငွေချေးယူသူ၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း သို့မဟုတ် ငွေသားစီးဆင်းမှု၊ လုပ်ငန်း၊ အကြွေးပြန်ဆပ်နိုင်မှုတို့ တွင် ဖြစ်နိုင်ချေရှိသော အားနည်းချက်များ မပြနိုင်ပေ။ CBM ၏ ညွှန်ကြားချက်အရ တစ်လအတွင်း ပြန်ဆပ်နိုင်သည့် ချေးငွေအားလုံးကို "Pass" အဖြစ် သတ်မှတ်ပါသည်။

### Non-performing loans

Non-performing ဆိုသည်မှာ ဝင်ငွေမရရှိတော့သည့်၊ CBM မှသတ်မှတ်ထားသော သံသယဖြစ်ဖွယ် သို့မဟုတ် ဆုံးရှုံးမှုအဖြစ် သတ်မှတ်ထားသည့် ချေးငွေ သို့မဟုတ် ကြိုတင်ငွေကို ဆိုလိုပါသည်။

Doubtful အဆင့်သည် ကျန်ရှိနေသည့် ကြွေးမြီများကို အပြည့်အဝ ပြန်လည်ရရှိနိုင်သည့် မျှော်လင့်ချက်၊ အလားအလာကို မေးခွန်းထုတ်စရာဖြစ်ပြီး ဆုံးရှုံးမှုအလားအလာ မြင့်မားသော်လည်း ပမာဏ အတိအကျကို အတိအကျ မသိရသေးသည့် ကြွေးမြီများသည် ပြင်းထန်သော အားနည်းချက်များ ရှိနေကြောင်း ကို ဖော်ပြပါသည်။

CBM ၏ ညွှန်ကြားချက်အရ ရက်ပေါင်း ၉၁ မှ ၁၈၀ အတွင်း ပြန်ဆပ်ရမည့် ချေးငွေအားလုံးကို "Doubtful" အဖြစ် သတ်မှတ်ထားပါသည်။

"Loss" အဆင့်သည် ချေးငွေပြန်လည်ရရှိမည့်ပမာဏမှာ သိသာထင်ရှားစွာများပြားသည့် ပမာဏ မဟုတ်ကြောင်း အကဲဖြတ်ခြင်းကို ဖော်ပြသည်။ CBM ၏ ညွှန်ကြားချက်အရ ရက်ပေါင်း ၁၈၀ ကျော် ပြန်ဆပ်ရမည့် ချေးငွေအားလုံးကို "Loss" အဖြစ် ခွဲခြားထားသည်။

ချေးငွေသည် non-performing ဖြစ်သည်ဟု ဆုံးဖြတ်ရာတွင်၊ စီမံခန့်ခွဲသူသည် မျှော်မှန်းထားသည့် အနာဂတ် ငွေကြေးစီးဆင်းမှု၊ ချေးယူသူ၏တာဝန်ဝတ္တရားများကို ပြည့်မီရန် ဘဏ္ဍာရေးစွမ်းရည်နှင့် စီးပွားရေး အခြေအနေစသည့် အချက်များစွာကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

## ၃-၈။ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များ တန်ဖိုးလျော့ကျမှု (အဆက်)

Non-performing loans (အဆက်)

အကယ်၍ amortised cost ဖြင့် တိုင်းတာသော ဘဏ္ဍာရေးရပိုင်ခွင့်များအတွက်၊ နောက်ဆက်တွဲကာလ တစ်ခုတွင် တန်ဖိုးလျော့ကျဆုံးရှုံးမှုပမာဏ လျော့နည်းသွားပါက ယင်းသို့လျော့နည်းသွားခြင်းသည် တန်ဖိုးလျော့ကျမှုကို စာရင်းရေးသွင်းပြီးနောက် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်တစ်ခုနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ဆက်စပ်နိုင်သည်။ ယခင်က စာရင်းရေးသွင်းထားသည့် တန်ဖိုးလျော့ကျဆုံးရှုံးမှုအား ပြောင်းပြန် စာရင်းသွင်းခြင်းကို အတိုင်းအတာအထိ အရှုံးအမြတ်စာရင်းမှတစ်ဆင့် စာရင်းသွင်းနိုင်ပါသည်။ ဆိုလိုသည်မှာ ထိုသို့ပြောင်းပြန် စာရင်းသွင်းမည့်အချိန်ရှိ ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်လာသည့် ပမာဏသည် တန်ဖိုးလျော့ကျမှုမသွင်းရသေးသည့် amortised cost ထက် မပိုသည့် အတိုင်းအတာကို ဆိုလိုပါသည်။

## ၃-၉။ Impairment of non-financial assets

ပုံသေပိုင်ပစ္စည်း၊ Investment properties နှင့် Foreclosed Properties ကဲ့သို့သော ဘဏ္ဍာရေးမဟုတ်သော ရပိုင်ခွင့်များအား နှစ်စဉ်သော်လည်းကောင်း၊ သယ်ဆောင်လာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့် တန်ဖိုးထက် များနေသော အခြေအနေရှိလျှင်သော်လည်းကောင်း တန်ဖိုးလျော့ကျမှု ရှိမရှိ ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါ အခြေအနေတည်ရှိပါက သယ်ဆောင်လာသည့်ပမာဏမှ ပြန်ရနိုင်မည့်တန်ဖိုး ရောက်သည်အထိ လျော့ချမှု ပြုလုပ်ပါသည်။ ပြန်လည်ရရှိနိုင်မည့်တန်ဖိုးဆိုသည်မှာ အသုံးဝင်တန်ဖိုး (value-in-use) နှင့်စရိတ်များ နှုတ်ဖယ်ထားသည့် သင့်တင့်သော တန်ဖိုးတို့အနက် များသောပမာဏ ဖြစ်သည်။ သယ်ယူလာသည့်ပမာဏသည် ပြန်လည်ရရှိနိုင်မည့် တန်ဖိုးထက် များနေပါက တန်ဖိုးလျော့ကျမှုအဖြစ် စာရင်းသွင်းပါသည်။

## ၃-၁၀။ ငွေနှင့် ဘဏ်လက်ကျန်

ငွေနှင့် ဘဏ်လက်ကျန်များတွင် ဘဏ်များတွင်ထားရှိထားသော စာရင်းရှင်အပ်ငွေ၊ လက်ဝယ် ကိုင်ဆောင် ထားသောငွေ၊ အပ်ငွေများ၊ ကာလတိုနှင့် Highly liquid investment များပါဝင်ပါသည်။ အဆိုပါ Highly liquid investment များသည် ငွေသားအဖြစ် ပြောင်းလဲရန် အလွန်လွယ်ကူပြီး တန်ဖိုးပြောင်းလဲမှုသည် သိသာထင်ရှား သည့် စွန့်စားမှု အန္တရာယ် မရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆိုလိုပါသည်။

## ၃-၁၁။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့

ပုံသေပိုင်ပစ္စည်းအမျိုးအစားအားလုံးကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် ရေးသွင်းပါသည်။ ထိုပစ္စည်းသည် အနာဂါတ် ကာလတွင် စီးပွားရေးအကျိုးအမြတ်များ ဘဏ်သို့စီးဝင်နိုင်ခြေရှိပြီး ၎င်း၏တန်ဖိုးကို ယုံကြည်စိတ်ချစွာ တိုင်းတာနိုင်လျှင် ထိုပစ္စည်း၏ မူရင်းတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မှတ်တမ်းတင်ပါသည်။ အစားထိုးလိုက်သည့် အစိတ်အပိုင်းများ အတွက် ကုန်ကျတန်ဖိုးကို ပုံသေပိုင်ပစ္စည်းအဖြစ် မသတ်မှတ်ပါ။ အခြားသော ပြုပြင်ထိန်းသိမ်း ပြင်ဆင်စရိတ်များအား အရှုံးအမြတ်စာရင်းတွင် ကျခံပါသည်။

## ၃-၁၁။ ပုံသေပိုင်ပစ္စည်းနှင့် တန်ဖိုးလျော့ (အဆက်)

ပုံသေပိုင်ပစ္စည်းများနှင့် စက်ကိရိယာအမျိုးအစားတစ်ခု၏ အရေးပါသော အစိတ်အပိုင်းများ၏ အသုံးဝင်သက်တမ်း မတူညီသည့် အခါ ၎င်းတို့အား သီးခြားစီ စာရင်းမှတ်တမ်းတင်ပါသည်။

ဘိုးဘွားပိုင်မြေမှလွဲ၍ အခြားပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်း တန်ဖိုးလျော့ (Depreciation) နှင့် တန်ဖိုးလျော့ကျမှုအရှုံး (Impairment Loss) (ရှိပါက) နုတ်၍ ဖော်ပြပါသည်။

ဘိုးဘွားပိုင်မြေ၏သက်တမ်းမှာ အကန့်အသတ်မရှိသည့်အတွက် ၎င်းအားတန်ဖိုးလျော့ တွက်ချက်နုတ်ပယ်ခြင်း မပြုလုပ်ပါ။ပုံသေပိုင်ပစ္စည်းများအား ကြွင်းကျန်တန်ဖိုးနုတ်ပြီး ကျန်ရှိသည့် တန်ဖိုးအပေါ်တွင် မျဉ်းဖြောင့်နည်း (Straight Line basis) ဖြင့် အောက်ဖော်ပြပါ အသုံးဝင်သက်တမ်းများအတိုင်း တန်ဖိုးလျော့တွက်ချက်ပါသည်။

| | |
|---|---|
| မြေ | - |
| အဆောက်အဦး | ၁.၂၅% |
| မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် | ၁၂.၅% |
| ရုံးသုံးစက်ကိရိယာ | ၆.၂၅% - ၁၀% |
| ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း | ၂၀% |
| ပရိဘောဂနှင့် အခြားစက်ကိရိယာ | ၅% - ၆.၂၅% |

ပုံသေပိုင်ပစ္စည်းများအား ၎င်းတို့၏ သယ်ဆောင်လာသည့်တန်ဖိုးသည် ပြန်လည်ရရှိနိုင်သည့်တန်ဖိုးထက် နည်းနေသည်ဟု ယူဆရသော အခြေအနေများရှိလာပါက ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ပါသည်။ အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ စာရင်းမှတ်စု (၃-၉) တွင် ဖော်ပြထားသည့်အတိုင်း ပြုလုပ်ပါသည်။

ကြွင်းကျန်တန်ဖိုးနှင့် အသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းလမ်းများကို နှစ်စဉ် သို့မဟုတ် သင့်တော်သည့် အချိန်တွင် ပြန်လည်သုံးသပ်ပါသည်။

ကြွင်းကျန်တန်ဖိုးများအား ရောင်းချလျှင်သော်လည်းကောင်း သို့မဟုတ် ၎င်းကို အသုံးပြုခြင်းမှ အနာဂတ် စီးပွားရေး အကျိုးအမြတ်များ မရရှိနိုင်လျှင်သော်လည်းကောင်း ၎င်းတို့ကိုစာရင်းမှ ပယ်ဖျက်ပါသည်။ ထိုသို့ ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်ခြင်းမှ ရရှိလာသော အမြတ် သို့မဟုတ် အရှုံးကို ပုံသေပိုင်ပစ္စည်း ပယ်ဖျက်သောနှစ်ရှိ အရှုံးအမြတ်စာရင်းတွင် ရေးသွင်းပါသည်။

## ၃-၁၂။ အစုရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများသည် ငွေ သို့မဟုတ် အခြား ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များကို လွှဲပြောင်းရန် စာချုပ်စာတမ်းဖြင့် ပေးရန်တာဝန်မရှိသည့် အစုရှင်၏ ပိုင်ဆိုင်ခွင့်အဖြစ် သတ်မှတ်ထားပါသည်။

**၃-၁၃။ အခြားပေးရန်တာဝန်များ**

အခြားပေးရန်တာဝန်များတွင် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဘဏ်မှရယူခဲ့သောဝန်ဆောင်မှုများအပေါ် ပေးချေမှု မပြုရသေးသော ပေးရန်တာဝန်များပါဝင်ပါသည်။ (၁) နှစ် နှင့် (၁) နှစ် အောက် ကာလအတွင်း ပေးချေရမည့် ပေးရန်တာဝန်များ၊ ပုံမှန်လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်သောပေးရန်တာဝန်များကို ကာလတို ပေးရန်တာဝန်များအဖြစ် သတ်မှတ်ပါသည်။ သို့မဟုတ်ပါက ကာလရှည် ပေးရန်တာဝန်အဖြစ် သတ်မှတ်ပါသည်။

အခြားပေးရန်တာဝန်များကို ကနဦးတွင် ကာလတန်ဖိုး (သင့်တင့်သောတန်ဖိုး) နှင့် သတ်မှတ်ပြီး နောက်ပိုင်းတွင် ကုန်ကျစရိတ်ဖြင့် တွက်ချက်ပါသည်။

**၃-၁၄။ လျာထားချက်များ**

ဘဏ်အနေဖြင့် အတိတ်ကာလဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေအရ၊ လူမှုရေးအရ သို့မဟုတ် လုပ်ငန်းမှ သတ်မှတ်ထားသော စည်းမျဉ်းများအရ လက်ရှိကာလတွင် ပေးရန်တာဝန်များရှိခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါ ပေးရန်တာဝန်များအား ပေးချေရန် အတွက် လုပ်ငန်း၏အင်အားစုများ စီးထွက်ခြင်း (Outflow of resources) ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါပေးရန်တာဝန်ရှိသော ငွေပမာဏအား ယုံကြည်စိတ်ချစွာ တွက်ချက် နိုင်သည့် အခြေအနေတွင်သော်လည်းကောင်း လျာထားစရိတ် (Provision) အဖြစ် သတ်မှတ်ပါသည်။

လျာထားချက်များကို လက်ရှိ အကောင်းဆုံးခန့်မှန်းမှုအား ထင်ဟပ်စေရန်အတွက် နှစ်စဉ်သုံးသပ်၍ စာရင်းညှိနှိုင်း မှုများ ပြုလုပ်ပါသည်။ ၎င်းလျာထားချက်အား ပေးချေရန် မလိုအပ်တော့ပါက ယခင်စာရင်းရေးသွင်း ချက်အား ပြောင်းပြန် ပြန်သွင်းပါသည်။

အချိန်အခါအရ ငွေကြေးဈေးနှုန်း ပြောင်းလဲမှုမြင့်မားပါက ၎င်းလျာထားချက်အား Pre-tax rate ဖြင့် တန်ဘိုးလျှော့မှု ပြုလုပ်ပါသည်။ ထိုသို့တွက်ချက်မှုဖြင့် ဖြစ်ပေါ်လာသောအရှုံးအား Finance cost အဖြစ်ကျခံ စာရင်းသွင်းပါသည်။

**၃-၁၅။ Contingent Liabilities**

ဘဏ်၏အကျိုးစီးပွား တစ်စုံတစ်ရာစီးထွက်နိုင်သည့် အနေအထားရှိရန် မသေချာခြင်း၊ ပေးချေရမည့်ပမာဏအား သေချာစွာမသိရှိနိုင်ခြင်း၊ Obligation မရှိခြင်း စသည်တို့ ဖြစ်ပေါ်ပါက ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် စာရင်းမထည့်သွင်းဘဲ ပေးကောင်းပေးရနိုင်သော ပေးရန်တာဝန် (Contingent Liabilities) အဖြစ် စာရင်းမှတ်စုတွင် ဖော်ပြပါသည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အနာဂတ်ဖြစ်ရပ်များ ပေါ်ပေါက်ခြင်းမှ သာလျှင် တည်ရှိမှုကို အတည်ပြုစေပြီး ဖြစ်ပေါ်လာနိုင်ခြေရှိသော တာဝန်ဝတ္တရားများသည် စီးပွားရေး အကျိုးခံစားခွင့်များ စီးထွက်နိုင်ခြေ မရှိပါက ပေါ်ကောင်းပေါ်လာနိုင်သည့် ပေးရန်တာဝန်အဖြစ် ထုတ်ဖော် ထားသည်။

Contingent Liabilities နှင့် Assets များအား ယခင်နှစ်သာမက ယခုနှစ်၏ ဘဏ္ဍာရေး အခြေအနေပြ ရှင်းတမ်း များတွင် စာရင်းရေးသွင်းဖော်ပြခြင်း မရှိပါ။

**၃-၁၆။ သင့်တင့်သောတန်ဖိုးတိုင်းတာခြင်း (သင့်တင့်သောဈေးနှုန်းသတ်မှတ်ခြင်း)**

သင့်တင့်သောတန်ဖိုးဆိုသည်မှာ တိုင်းတာသောနေ့တွင်ရှိသည့် ဈေးကွက်တွင်ပါဝင်သူများအကြား ရပိုင်ခွင့်တစ်ခုအား ရောင်းချရာတွင် ရရှိမည့် သို့မဟုတ် ပေးရန်တာဝန်တစ်ခု လွှဲပြောင်းရာတွင် ပေးရမည့်ဈေးနှုန်း ဖြစ်ပါသည်။ သင့်တင့်သောတန်ဖိုး သတ်မှတ်ခြင်း ပြုလုပ်ရာ၌ ရပိုင်ခွင့်များ ရောင်းချခြင်း နှင့် ပေးရန်တာဝန် လွှဲပြောင်းခြင်းတို့သည် အဓိကဈေးကွက် သို့မဟုတ် အားသာသည့်ဈေးကွက်တို့တွင် ဖြစ်ပေါ်သည်ဟု ယူဆချက်အပေါ်အခြေခံ၍ တွက်ချက်ပါသည်။ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်အား သင့်တင့်သောဈေးနှုန်း သတ်မှတ်ရာတွင် ဈေးကွက်၌ ပါဝင်သူများသည် အဆိုပါ ရပိုင်ခွင့်၊ ပေးရန်တာဝန်တို့နှင့် ပတ်သက်၍ ၎င်းတို့၏ အကျိုးစီးပွား အကောင်းဆုံးရရှိရန်အတွက် သတ်မှတ်ထားသော ဈေးနှုန်းဖြစ်သည်ဟူသောယူဆချက်ဖြင့် တိုင်းတာဖော်ပြပါသည်။

သင့်တင့်သောတန်ဖိုး သတ်မှတ်ရာတွင် အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သော၊ လုံလောက်သော အချက်အလက် ရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုပါသည်။

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ သင့်တင့်သောတန်ဖိုးကို ၎င်းတို့အား တန်ဖိုးသတ်မှတ်ဖော်ပြရာတွင် သိသာ ထင်ရှားပြီး အနည်းဆုံးအချက်အလက်အပေါ်အခြေခံ၍ အမျိုးအစားနှင့် အဆင့်ကို ဖော်ပြပါသည်။

အစဉ်ဖြစ်ပေါ်နေသည့် အခြေခံဖြင့် စာရင်း ထည့်သွင်းသော ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအတွက် နှစ်ကုန်ဆုံးချိန်၌ အမျိုးအစားခွဲခြားမှုအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် အဆင့်များ ပြောင်းလဲမှု ရှိမရှိ သုံးသပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများတွင် ထပ်တလဲလဲ စာရင်းရေးသွင်းထားသည့် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအတွက် ဘဏ်သည် ဘဏ္ဍာရေးကာလ ကုန်ဆုံးချိန်တွင် အမျိုးအစားခွဲခြားခြင်း (သင့်တင့်မျှတသည့် တန်ဖိုးကို တိုင်းတာခြင်းအတွက် သိသာထင်ရှားသော အနိမ့်ဆုံးအဆင့် စာရင်းထည့်သွင်းမှုအပေါ် အခြေခံ၍) အား ပြန်လည်အကဲဖြတ်ခြင်းဖြင့် အထက်အောက်အဆင့်များကြားတွင် လွှဲပြောင်းမှုများ ဖြစ်ပေါ်ခြင်းရှိမရှိကို ဆုံးဖြတ်ပါသည်။

**၃-၁၇။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်**

ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ-

(က) ဘဏ်နှင့်ဆက်နွယ်နေသော လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဆိုပါပုဂ္ဂိုလ်၏ မိသားစုနှင့် ရင်းနှီးသော မိသားစုဝင်များက

(၁) ဘဏ်အပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(၂) ဘဏ်အပေါ်တွင် သိသာထင်ရှားသော ဩဇာလွှမ်းမိုးမှုရှိခြင်း၊

(၃) ဘဏ်၏ မိခင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုတွင် သို့မဟုတ် ဘဏ်တွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

**၃-၁၇။ ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ် (အဆက်)**

(ခ) အဖွဲ့အစည်းတစ်ခုသည် အောက်ပါအခြေအနေများမှ တစ်ခုခုကို ကျင့်သုံးပါက ဘဏ်နှင့် ဆက်နွယ်မှု ရှိပါသည်။

(၁) အဖွဲ့အစည်းနှင့် ဘဏ်သည် တူညီသောအုပ်စုအောက်တွင် ရှိနေခြင်း၊

(ဆိုလိုသည်မှာ မိခင်ကုမ္ပဏီတစ်ခုစီတိုင်း၊ လက်အောက်ခံများနှင့် အဆင့်တူလက်အောက်ခံများသည် အချင်းချင်းဆက်စပ်နေပါသည်။)

(၂) အဖွဲ့အစည်းသည် အခြားအဖွဲ့အစည်းတစ်ခု၏ associate သို့မဟုတ် ဖက်စပ်လုပ်ငန်းဖြစ်ခြင်း (သို့မဟုတ် ယင်းလုပ်ငန်း၏ အသင်းဝင်တစ်ဦးဖြစ်ခြင်း)၊

(၃) အဖွဲ့အစည်းနှစ်ခုလုံးသည် တူညီသည့် တတိယလုပ်ငန်း၏ ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(၄) အဖွဲ့အစည်းသည် တတိယအဖွဲ့အစည်းတစ်ခု၏ ဖက်စပ်လုပ်ငန်း သို့မဟုတ် အခြားအဖွဲ့အစည်းသည် တတိယအဖွဲ့အစည်း၏ associate ဖြစ်ခြင်း၊

(၅) အဖွဲ့အစည်းသည် ဘဏ်၏ဝန်ထမ်းနှင့် ဘဏ်နှင့်ဆက်စပ်သည့် လုပ်ငန်းတစ်ခု၏ ဝန်ထမ်းများ အကျိုး အလို့ငှာ တာဝန်ထမ်းဆောင်သောကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်း ဆောင်ရွက်သူဖြစ်ခြင်း၊ ထိုသို့ စီမံကိန်းရှိပါက ထောက်ပံ့ပေးသူဖြစ်ခြင်း၊

(၆) အဖွဲ့အစည်းသည်ကို (က)တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်ခြင်း (သို့မဟုတ်) ပူးတွဲထိန်းချုပ်ခြင်း၊

(၇) အဖွဲ့အစည်းအပေါ်တွင် (က-၁) တွင် ရည်ညွှန်းထားသည့် လူတစ်ဦး၏ သိသာထင်ရှားသော လွှမ်းမိုးမှုရှိခြင်း။ သို့မဟုတ် အဖွဲ့အစည်း၏ အဓိကကျသော စီမံခန့်ခွဲသူဖြစ်ခြင်း၊

**၃-၁၈။ Lease**

ဘဏ်သည် IFRS - 16 ကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ စတင်၍ ကျင့်သုံးခဲ့ပါသည်။ အပြောင်းအလဲများ၏ သက်ရောက်မှုများကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားပါသည်။

သဘောတူညီချက် စတင်သည့်အခါ ဘဏ်သည် ယင်းသဘောတူညီချက်သည် ငှားရမ်းခြင်း ဟုတ်၊ မဟုတ် သို့မဟုတ် ငှားရမ်းခြင်း ပါဝင်ခြင်း ရှိ၊ မရှိကို ဦးစွာ စိစစ်ပါသည်။ သဘောတူညီချက် တစ်ခုသည် အဖိုးစားနား တစ်ခုအတွက်၊ သတ်မှတ်ထားသော ပိုင်ဆိုင်မှုတစ်ခု၏ အသုံးပြုခွင့်ကို ကာလတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အခွင့်အရေးပေးထားပါက၊ ထိုသဘောတူ ညီချက်ကို ငှားရမ်းခြင်း သို့မဟုတ် ငှားရမ်းခြင်းပါဝင်သည်ဟုသတ်မှတ်ပါသည်။ အဆိုပါ အသုံးပြုခွင့်ကို ထိန်းချုပ်နိုင်သည့်အခွင့်အရေး ပေးထားခြင်း ဟုတ်၊ မဟုတ်ကို ဆန်းစစ်ရန် ဘဏ်သည် အောက်ပါ အချက်များဖြင့် အကဲဖြတ်ပါသည်။

၃-၁၈။ Lease (အဆက်)

**သဘောတူညီချက်တွင် သတ်မှတ်ထားသော ပိုင်ဆိုင်မှုတစ်ခု အသုံးပြုခွင့် ပါဝင်ခြင်း**

- သဘောတူညီချက်တွင် သတ်မှတ်ထားသောပစ္စည်းတစ်ခု အသုံးပြုခွင့်ပါဝင်ပြီး၊ ယင်း ပစ္စည်းသည် သတ်မှတ်ထားသည့်ပုံစံအတိုင်း တိကျစွာဖော်ပြထားခြင်း သို့မဟုတ် ရည်ညွှန်း ဖော်ပြထားခြင်းဖြင့်လည်း ဖြစ်နိုင်သည်။ ထိုပစ္စည်းသည် ရုပ်ပိုင်းအရ သီးခြားခြား နားကြောင်း ခွဲခြား၍ သိနိုင်ရမည်၊ သို့မဟုတ် ရုပ်ပိုင်းအားဖြင့် သီးခြားပိုင်ဆိုင်မှု တစ်ခု၏ လုပ်ဆောင်နိုင်မှု အများစုကို ကိုယ်စားပြုရမည်။
- သို့သော်၊ ပံ့ပိုးသူသည် စွမ်းရည်တူအခြားပစ္စည်းတစ်ခုဖြင့် အစားထိုးလဲလှယ်ခွင့် (substantive substitution right) ရှိပါက၊ ထိုပစ္စည်းကို သီးခြားသတ်မှတ် ထားသည့်ပိုင်ဆိုင်မှုအဖြစ် မသတ်မှတ်ပါ။
- ဘဏ်အနေဖြင့် ထိုပစ္စည်းကို အသုံးပြုသည့် ကာလတစ်လျှောက်လုံး ရရှိမည့် စီးပွားရေး အကျိုးအမြတ် အားလုံးကို ရယူပိုင်ခွင့်ရှိ ရမည်။

**ဘဏ်တွင် ပိုင်ဆိုင်မှု အသုံးပြုမှုအတွက် ညွှန်ကြားပိုင်ခွင့်**

ဘဏ်သည် ပိုင်ဆိုင်မှုကို မည်သည့်ရည်ရွယ်ချက်အတွက်မည်သို့ အသုံးပြုမည်ကို ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်များရှိလျှင်၊ ပိုင်ဆိုင်မှုကိုမည်သို့အသုံးပြုရမည်ဆိုသည်ကို ကြိုတင်သတ်မှတ်ထားရသည့် ရှားပါးအခြေအနေမှာပင် အောက်ပါ အချက်များနှင့် ကိုက်ညီလျှင် ပိုင်ဆိုင်မှုအသုံးပြုမှုအတွက် ညွှန်ကြားခွင့်ရှိပါသည်။

- ဘဏ်သည် ပိုင်ဆိုင်မှုကို ကိုယ်တိုင်လည်ပတ်ဆောင်ရွက်နိုင်ပါက၊ သို့မဟုတ်
- ပိုင်ဆိုင်မှုကို မည်သည့်ရည်ရွယ်ချက်နှင့် မည်သည့်နည်းဖြင့်အသုံးပြုမည်ကိုကြိုတင် ဆုံးဖြတ်ထားပြီး၊ ထိုသုံးစွဲမှုအတွက် ကိုယ်တိုင် ဒီဇိုင်းထုတ်ထားပါက

**ငှားရမ်းမှုအစိတ်အပိုင်းများ ခွဲဝေသတ်မှတ်ခြင်း**

ငှားရမ်းမှုအစိတ်အပိုင်းပါဝင်သော သဘောတူညီချက်တစ်ခုကိုစတင်ချိန်တွင်သို့မဟုတ် ပြန်လည်အကဲဖြတ်ချိန် တွင်၊ ဘဏ်သည်စာချုပ်ပါအဖိုးစားနား (consideration) များကို ၎င်းတို့၏ သက်ဆိုင်ရာသီးခြားဈေးနှုန်းများ (relative stand-alone prices) အပေါ်အခြေခံ၍ငှားရမ်းမှုအစိတ်အပိုင်းတစ်ခုချင်းစီခွဲဝေသတ်မှတ်ပါသည်။

သို့ရာတွင် ဘဏ်သည်ငှားရမ်းသူ (lessee) အဖြစ် ငှားရမ်းထားသော မြေနှင့်အဆောက်အဦများအတွက်ကိုမူ ငှားရမ်းမှုမဟုတ်သည့် အစိတ်အပိုင်းများ (non-lease components) ကို သီးခြားခွဲခြားခြင်းမပြုဘဲ၊ အစိတ်အပိုင်းများကိုငှားရမ်းမှုတစ်ခုတည်းအဖြစ်စာရင်းသွင်းရန်ရွေးချယ်ထားပါသည်။

၃-၁၈။ Lease (အဆက်)

**ဘဏ်မှ ငှားရမ်းထားသည့် ပိုင်ဆိုင်မှုများ**

ဘဏ်သည် မြေနှင့်အဆောက်အဦများအပါအဝင်ပိုင်ဆိုင်မှုများစွာကို ငှားရမ်းအသုံးပြုလျက်ရှိပါသည်။ ဘဏ်မှ ငှားရမ်းသူအနေဖြင့်ဆောင်ရွက်ထားသောငှားရမ်းမှုဆိုင်ရာအချက်အလက်များကို အောက်တွင်ဖော်ပြထားပါ သည် -

| | |
|---|---|
| ၁။ ဘဏ်ခွဲ (၂၂)မန္တလေး | မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် |
| ၂။ ဘဏ်ခွဲ (၁၂) လသာ | အမှတ် (၁၃၂/၁၃၄)၊ မြေညီထပ်၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ ဘဏ်ခွဲ (၃၆) လှိုင် | အမှတ် (၁၉)၊ မြေညီထပ် နှင့် ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄။ ဘဏ်ခွဲ (၃၇) စမ်းချောင်း | အမှတ်(၁၂၂)(ဘီ)၊ ဗားဂရာလမ်း၊ စံ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅။ ဘဏ်ခွဲ (၃၈) ရွှေဂုံတိုင် | အမှတ် (၁၂၅)(စီ)၊ အခန်းနံပါတ်(၂)၊ မြေညီထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၆။ ဘဏ်ခွဲ (၃၉) တာမွေ | အမှတ် (၃၂၇/၃၂၉) ၊ အခန်းနံပါတ်(ဘီ) ၊ မြေညီထပ်၊ကျိုက္ကစံလမ်း ၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ၇။ ဘဏ်ခွဲ (၄၀) မြောက်ဒဂုံ | အမှတ် (၃၃/အေ)၊ (၃၄) ရပ်ကွက်၊ ဦးဝိဇာရလမ်း၊ မြောက်ဒဂုံ မြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ ဘဏ် (၂) မန္တလေး | (၈၅) လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ အောင်နန်းရိပ်သာရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |

**အငှားချထားသူ အနေနှင့် အငှားချထားခြင်းများ**

ဘဏ်တွင် အငှားချထားသူ အနေဖြင့် ဆောင်ရွက်ထားသည့် ငှားရမ်းခြင်းများ မရှိပါ။

**Operation Leases**

အထက်တွင်ဖော်ပြထားသည့် ဘဏ်မှငှားရမ်းထားသည့်ပိုင်ဆိုင်မှု တစ်ခုမှအပ၊ အခြားငှားရမ်းမှုအားလုံးကို Operation Lease အဖြစ် ဘဏ်မှ သတ်မှတ်ထားပါသည်။

**၄။ Critical accounting judgments and key sources of estimation uncertainty**

ဘဏ်၏ မှတ်စု - ၃ တွင် ဖော်ပြထားသည့် စာရင်းပိုင်းဆိုင်ရာမူဝါဒများကျင့်သုံးရာတွင် ဘဏ်၏ ဒါရိုက်တာများသည် ဆီလျော်သက်ဆိုင်သည့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၏ ဆက်လက်သယ်ဆောင်လာသည့် ပမာဏများ နှင့်ပတ်သက်၍ ညှိနှိုင်းချက်များ၊ ခန့်မှန်းချက်များနှင့် ယူဆချက်များကို ပြုလုပ်ရန် လိုအပ်ပါသည်။ အမှန်တကယ် ရလဒ်များသည် အဆိုပါခန့်မှန်းချက်များနှင့် ကွဲပြားနိုင်ပါသည်။

၄။ Critical accounting judgments and key sources of estimation uncertainty (အဆက်)

ခန့်မှန်းချက်များနှင့် ယူဆချက်များကို ရှေ့ဆက်ဖြစ်ပေါ်ခြင်းရှိမရှိ သုံးသပ်ရသည်။ ထိုယူဆချက်များနှင့် ခန့်မှန်းမှုများ ပြန်လည်သုံးသပ်ခြင်းများသည် လက်ရှိကာလနှင့် အနာဂတ်ကာလများကို အကျိုးသက်ရောက်မှု ရှိခဲ့ပါက ပြန်လည်ပြင်ဆင်သည့်ကာလတွင် စာရင်းရေးသွင်းပါသည်။

Critical judgments in applying accounting policies

အောက်ပါတို့သည် ဘဏ်၏စာရင်းကိုင်မူဝါဒများကို ကျင့်သုံးခြင်းလုပ်ငန်းစဉ်တွင် ဒါရိုက်တာများ လုပ်ဆောင်ခဲ့သည့် ခန့်မှန်းချက်များပါဝင်နေသည်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းရေးသွင်းထားသော ပမာဏအပေါ် သိသာ အထင်ရှားဆုံးအကျိုးသက်ရောက်မှုရှိသည့် အရေးကြီးသော စီရင်ဆုံးဖြတ်မှုများ ဖြစ်ပါသည်။

Key sources of estimation uncertainty

အောက်ပါတို့သည် အနာဂတ်နှင့်ပတ်သက်သော အဓိကယူဆချက်များဖြစ်ပြီး အစီရင်ခံသည့်ကာလ ကုန်ဆုံးချိန်တွင် အခြားရင်းမြစ်မှ ရရှိလာသော မရေရာသည့် ခန့်မှန်းချက်များ ဖြစ်ပါသည်။ လာမည့်ဘဏ္ဍာရေးနှစ် အတွင်း သယ်ဆောင်လာသည့် ရပိုင်ခွင့် သို့မဟုတ် ပေးရန်တာဝန်များမှ အရေးပါသောညှိနှိုင်းမှုများ ပေါ်ပေါက်မှု၏ သိသာထင်ရှားသော အန္တရာယ်ရှိနိုင်ပါသည်။

Impairment losses on loans and advances

ချေးငွေရရှိပြီးသည့်အချိန်မှစ၍ ဖြစ်ရပ်များသည် ချေးငွေမှ မျှော်လင့်ထားသော ငွေသားစီးဆင်းမှုကို ထိခိုက်ခဲ့ကြောင်း အဓိကကျသည့် အထောက်အထားရှိသောအခါ ချေးငွေကို တန်ဖိုးလျော့ချပါသည်။ တန်ဖိုးလျော့ကျဆုံးရှုံးမှုသည် ချေးငွေ၏ သယ်ဆောင်လာသည့်တန်ဖိုးနှင့် ချေးငွေ၏ original effective interest rate ဖြင့် တွက်ချက်ထားသော ခန့်မှန်းခြေအနာဂတ်ငွေသားစီးဆင်းမှု၏ လက်ရှိတန်ဖိုးအကြား ကွာခြားချက်ဖြစ်ပါသည်။

ဘဏ်သည် တန်ဖိုးလျော့ကျမှုကို ပုံမှန်အကဲဖြတ်ရန် ၎င်း၏ ချေးငွေနှင့် ကြိုတင်ငွေများကို ပြန်လည်သုံးသပ် စစ်ဆေးပါသည်။ တန်ဖိုးလျော့ကျဆုံးရှုံးမှုကို အရှုံးအမြတ်စာရင်းတွင် မှတ်တမ်းတင်သင့်မသင့် ဆုံးဖြတ်ရာတွင်၊ တစ်ဦးချင်းချေးငွေအတွင်း ကျဆင်းမှုကို မဖော်ထုတ်မီ ချေးငွေမှ ခန့်မှန်းခြေ အနာဂတ် ငွေသားစီးဆင်းမှုတွင် အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားကြောင်း ညွှန်ပြနိုင်သော မှတ်သားနိုင်သော အချက်အလက်ရှိမရှိအပေါ် စီမံခန့်ခွဲသူက စီရင်ဆုံးဖြတ်သည်။

## ၄။ Critical accounting judgments and key sources of estimation uncertainty (အဆက်)

### Impairment losses on loans and advances (အဆက်)

သတ်မှတ်ထားသည့် သတ်မှတ်ချက်ထက် ကျော်လွန်သော တန်ဖိုးလျော့ကျနေသည့် ချေးငွေအားလုံးကို တန်ဖိုးလျော့ကျမှုအတွက် တစ်ဦးချင်းအကဲဖြတ်ပါသည်။ တန်ဖိုးလျော့ကျဆုံးရှုံးမှုများကို ချေးငွေ၏ သယ်ဆောင် လာသည့် တန်ဖိုးနှင့် စီမံခန့်ခွဲသူ၏ အနာဂတ်ငွေပြန်ဆပ်ခြင်းဆိုင်ရာ အကောင်းဆုံးခန့်မှန်းချက်နှင့် အပေါင်ပစ္စည်း တစ်ခုခုကို ကိုင်ဆောင်ခြင်းမှ ရရှိငွေများတို့၏ discount တန်ဖိုးတို့ အကြား ကွာခြားချက်အဖြစ် စာရင်း ရေးသွင်းပါသည်။ ဤခန့်မှန်းချက်များသည် ဖောက်သည်၏ကြွေးမြီစွမ်းရည်နှင့် ဘဏ္ဍာရေးဆိုင်ရာ အလိုက်သင့်ရှိမှု (ငွေသားစီးဆင်းမှုပမာဏနှင့် ရင်းမြစ်များနှင့် လုံခြုံမှုပစ္စည်းကိုင်ဆိုင်ထားမှုမှ ရရှိနိုင်သောတန်ဖိုး) ကို ထည့်သွင်း စဉ်းစားသည်။ အချိန်ကာလတစ်ခုခန့်မှန်းခြင်းနှင့် ပြန်လည်ရရှိနိုင်သည့်အနာဂတ်ကာလတွင် သိသာထင်ရှားသော စီရင်ဆုံးဖြတ်ခြင်း ပါဝင်ပါသည်။

ငွေရပြေစာများ၏ အရွယ်အစားသည် ချေးယူသူ၏ အနာဂတ်စွမ်းဆောင်ရည်နှင့် လုံခြုံမှုတန်ဖိုးပေါ်တွင် မူတည်မည်ဖြစ်ပြီး ယင်းနှစ်ခုစလုံးသည် အနာဂတ်စီးပွားရေးအခြေအနေများကြောင့် ထိခိုက်မည်ဖြစ်သည်။ ထို့အပြင်၊ အပေါင်ပစ္စည်းသည် အလွယ်တကူ ဈေးကွက်ဝင်နိုင်မည်မဟုတ်ပေ။ ၎င်းတို့ရရှိသည့်ရက်စွဲနှင့် အနာဂတ်ငွေသားစီးဆင်းမှု၏ အမှန်တကယ်ပမာဏသည် ဤခန့်မှန်းချက်များနှင့် ကွဲလွဲနိုင်ပါသည်။ ထို့ကြောင့် အမှန်တကယ် ဆုံးရှုံးမှုများသည် ဤဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းရေးသွင်းထားသည့်အရာများနှင့် ကွဲပြား နိုင်ပါသည်။

### ပုံသေပိုင်ပစ္စည်းများ၏ အသုံးဝင်သက်တမ်း

ပုံသေပိုင်ပစ္စည်း၏ အသုံးဝင်သက်တမ်းပေါ်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပါသည်။ ပုံသေပိုင် ပစ္စည်းများ၏ အသုံးဝင်သက်တမ်းကို အသုံးဝင်မှုခန့်မှန်းချက်နှင့် နယ်ပယ်ဆိုင်ရာစံသတ်မှတ်ချက်အပေါ် အခြေခံ၍ ခန့်မှန်းပါသည်။ ပြင်ဆင်ရမည့် ခန့်မှန်းမှု၊ အသုံးပြု၍ ရနိုင်မည့် ခန့်မှန်းမှုနှင့် နည်းပညာဖွံ့ဖြိုး တိုးတက် ပြောင်းလဲမှုများကြောင့် အသုံးဝင်သက်တမ်းနှင့် လက်ကျန်တန်ဖိုးများ ပြောင်းလဲနိုင်သလို အနာဂတ် တန်ဖိုးလျော့ ပမာဏများလည်း ပြောင်းလဲနိုင်ပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း

ဘဏ်၏ လုပ်ငန်းလုပ်ဆောင်ချက်များသည် ချေးငွေနှင့် ကြိုတင်ငွေများ တိုးချဲ့ခြင်း၊ အပ်နှံငွေများ လက်ခံခြင်းနှင့် စာရင်းလွှဲပြောင်းမှုများဆောင်ရွက်ခြင်းတို့နှင့် အဓိကသက်ဆိုင်ပါသည်။ အဆိုပါလုပ်ဆောင်မှုများသည် ဘဏ်ကို ကြွေးမြီဆုံးရှုံးနိုင်ခြေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအန္တရာယ်၊ အတိုးနှုန်း အန္တရာယ်နှင့် ငွေဖြစ်လွယ်မှု အန္တရာယ် ကဲ့သို့ သော အမျိုးမျိုးသောဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေတို့ကို ဖြစ်ပေါ်စေပါသည်။

## ၅။ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကိုစီမံခန့်ခွဲခြင်း (အဆက်)

ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်ကို စီမံခန့်ခွဲခြင်းသည် ဘဏ်၏ စီးပွားရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ဘဏ်သည် အမျိုးမျိုးသောထိန်းချုပ်ခြင်းနှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်များကို လွှမ်းခြုံထားသည့် ဘဏ်၏ စွန့်စားလိုစိတ် နှင့်အညီ အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို ကျင့်သုံးပါသည်။ ယင်းတွင် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်း အတွက် အန္တရာယ်တိုင်းတာသည့် ကိရိယာများသာမက ဘဏ်တွင် ပါဝင်နိုင်သည့် လုပ်ငန်း အမျိုးအစားအတွက် လမ်းညွှန်ချက်များ၊ ဖောက်သည် လက်ခံခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ ဖောက်သည်၏ စီးပွားရေးလုပ်ငန်းကို ဆက်သွယ်ရာတွင် စာချုပ်စာတမ်းများနှင့် စည်းကမ်းချက်များ စသည့်ပုံစံများ အားလုံး အတွက်၊ လမ်းညွှန်ချက်များအပါအဝင် ဖြစ်ပါသည်။

ဘဏ်သည် အဆိုပါ ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်ကို တိုင်းတာရန်၊ စောင့်ကြည့်ရန်နှင့် နောက်ဆုံးတွင် လျော့ပါး စေရန် ထိရောက်သောလုပ်ငန်းစဉ်များ ရှိကြောင်း ယုံကြည်ပါသည်။

ဘဏ်တွင် တွေ့ကြုံနေရသည့် အဓိကကျသည့် ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ်ရှိမှုနှင့် ယင်းတို့ကို မည်သို့စီမံခန့်ခွဲမည် ဖြစ်ကြောင်း ဆွေးနွေးချက်ကို အောက်တွင် ဖော်ပြထားပါသည်။

### ၅-၁။ အတိုးနှုန်းအန္တရာယ်

ဘဏ်၏ လုပ်ငန်းဆောင်ချက်များတွင် အတိုးနှုန်းအပေါ် အာရုံမခံနိုင်မှုသည် ရပိုင်ခွင့်နှင့် သက်ဆိုင်ရာ ပေးရန်တာဝန် ငွေကြေးရန်ပုံငွေ၏ အတိုးနှုန်းသွင်ပြင်လက္ခဏာနှင့် မကိုက်ညီမှုမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့သို့ မကိုက်ညီရသည့် အဓိကအကြောင်းရင်းများမှ တစ်ခုသည် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ၏ ဈေးနှုန်းပြန်လည် သတ်မှတ်ရာတွင် အချိန်ကွာခြားချက်များကြောင့် ဖြစ်ပါသည်။

ပုံသေနှုန်းထားဖြင့်ထုတ်ပေးသည့် ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများသည် ဘဏ်အား သင့်တင့်မျှတသော အတိုးနှုန်းအန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။ သို့သော်လည်း ဈေးကွက်ရှိအတိုးနှုန်းပြောင်းလဲခြင်းများသည် အရှုံးအမြတ်စာရင်းနှင့် ဝင်ငွေအလုံးစုံရှင်းတမ်းတွင် အကျိုးသက်ရောက်မှု မရှိစေနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာရေးဆိုင်ရာစာချုပ်စာတမ်းများအားလုံးကို amortised cost ဖြင့် စာရင်းရေးသွင်းထားခြင်းကြောင့် ဖြစ်ပါသည်။

ဘဏ်မှ ကောက်ခံသည့် အတိုးနှုန်း သို့မဟုတ် ပေးအပ်သည့် အတိုးနှုန်းများကို ဒါရိုက်တာအဖွဲ့မှ ကြီးကြပ်ကွပ်ကဲ သည့် ကော်မတီက ဆုံးဖြတ်ပါသည်။ အဆိုပါ အတိုးနှုန်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတ်မှတ်ပေးသည့် ဘဏ်တစ်ခုအတွင်း သတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်ပြီး ၃၀.၉.၂၀၂၅ နေ့တွင် ချေးငွေများအပေါ် အတိုးနှုန်း များသည့် အောက်ပါအတိုင်း အမြင့်ဆုံး ကန့်သတ်ချက်များ ဖြစ်ပါသည်။

၅-၁။ **အတိုးနှုန်းအန္တရာယ်(အဆက်)**

| | |
|---|---|
| • ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ | တစ်နှစ်လျှင် ၁၃%-၁၅% |
| • စာရင်းပိုထုတ်ချေးငွေ | တစ်နှစ်လျှင် ၁၃% |
| • ဝန်ထမ်းချေးငွေ | တစ်နှစ်လျှင် ၈% |
| • အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းချေးငွေ | တစ်နှစ်လျှင် ၇.၅%-၁၅% |

၃၀.၉.၂၀၂၅ နေ့တွင် အပ်ငွေများအပေါ်အတိုးနှုန်းများသည် အောက်ပါအတိုင်း အနိမ့်ဆုံးကန့်သတ်ချက်များ ဖြစ်ပါသည်။

| | |
|---|---|
| • ငွေစုအပ်ငွေ | တစ်နှစ်လျှင် ၈.၅% |
| • ပုံသေငွေ | တစ်နှစ်လျှင် ၉.၅% - ၁၀.၅% |
| • ခေါ်ယူအပ်နှံငွေ | တစ်နှစ်လျှင် ၆.၅% |
| • အထူးငွေစုအပ်ငွေ | တစ်နှစ်လျှင် ၉.၅% |
| • အထူးပုံသေအပ်နှံငွေ | တစ်နှစ်လျှင် ၉.၇၅% - ၁၂% |
| • အထူးခေါ်ယူအပ်နှံငွေ | တစ်နှစ်လျှင် ၆.၇၅% |
| • Super Call deposits | တစ်နှစ်လျှင် ၇% |
| • Royal Saving deposits | တစ်နှစ်လျှင် ၉.၅% - ၁၁% |
| • Flexi Income Fixed deposits | တစ်နှစ်လျှင် ၁၁% |
| • Platinum Fixed deposits | တစ်နှစ်လျှင် ၁၁%-၁၂.၅% |

၅-၂။ **ကြွေးမြီအန္တရာယ် (Credit Risk)**

ကြွေးမြီအန္တရာယ်ဆိုသည်မှာ ဘဏ်၏ဖောက်သည် သို့မဟုတ် အခြားအလားတူအဖွဲ့အစည်းများမှ စာချုပ်အရ ပေးရန်တာဝန်များကို ကျေပွန်စွာ မစွမ်းဆောင်နိုင်ခြင်း သို့မဟုတ် ဆန္ဒမရှိခြင်းတို့ကြောင့် ဘဏ်ကရရှိလာမည့် ဆုံးရှုံးမှုအန္တရာယ်ကို ဆိုလိုပါသည်။ စီမံခန့်ခွဲသူများသည် ကြွေးမြီမူဝါဒကို ပြုလုပ်ထားပါသည်။ ဘဏ်သည် အာမခံဖြင့် ထုတ်ပေးထားသည့် ကြွေးမြီများအပေါ် အာမခံအပြည့်အဝနှင့် အာမခံပစ္စည်းများကို ရောင်းချနိုင်ခွင့်တို့ကို ယေဘုယျအားဖြင့် ကိုင်ဆောင်ထားပါသည်။ ဘဏ်သည် မြေနှင့် အဆောက်အဦကိုသာ ယေဘုယျအားဖြင့် လက်ခံပြီး ရွှေနှင့်စက်ပစ္စည်းများကဲ့သို့သော အခြားအပေါင်ပစ္စည်းများ ကိုလည်း လူနည်းစုအတွက် လက်ခံပါ သည်။ ဘဏ်တွင်း မူဝါဒများနှင့်အညီ ဘဏ်၏ အန္တရာယ်စွန့်စားမှုကို ပြုလုပ်ရန် ကြွေးမြီအကဲဖြတ်ခြင်းများကို ဖောက်သည်များအားလုံးပေါ်တွင် ကြွေးမြီစတင်သည့်အချိန်နှင့် နောက်ထပ်သက်တမ်းတိုးသည့်အချိန်များတွင် လုပ်ဆောင်ပါသည်။

## ၅-၂။ ကြွေးမြီအန္တရာယ် (Credit Risk) (အဆက်)

ဘဏ်သည် ကြွေးမြီအန္တရာယ်လျော့ပါးစေရန် မူဝါဒနှင့် အလေ့အကျင့်များစွာကို လုပ်ဆောင်ပါသည်။ ယင်းတို့အနက်မှ အစဉ်အလာအရှိဆုံးမှာ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများအတွက် လုံခြုံမှုရယူခြင်းဖြစ်ပြီး အများအားဖြင့် ကျင့်သုံးမှု ဖြစ်ပါသည်။ ဘဏ်သည် အပေါင်ပစ္စည်း သို့မဟုတ် အကြွေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ သီးခြားအမျိုးအစားများ လက်ခံနိုင်မှုဆိုင်ရာ လမ်းညွှန်ချက်များကို အကောင်အထည် ဖော်သည်။ မြေနှင့် ကြိုတင်ငွေအတွက် အဓိက အာမခံ အမျိုးအစားများတွင် မြေနှင့် အဆောက်အအုံအတွက် အခကြေးငွေများ ပါဝင်သည်။ ရွှေ၊ စက်ကိရိယာနှင့် စာချုပ် ဘဏ္ဍာငွေ၊ အာမခံ၊ စီမံကိန်း ကန်ထရိုက်နှင့် လူနေအိမ်ရာများကို ချေးငွေလုံခြုံရေးအတွက် လက်ခံနိုင်သည်။

ဘဏ်မဟုတ်သည့် ဖောက်သည်များသို့ ထုတ်ချေးသည့် ချေးငွေအားလုံးကို ယေဘုယျအားဖြင့် အာမခံရယူပါသည်။ ထို့ပြင် ကြွေးမြီဆုံးရှုံးမှုကို အနည်းဆုံးလျော့ချနိုင်ရန် အလို့ငှာ တစ်ဦးချင်း ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ များအတွက် တန်ဖိုးလျော့ကျခြင်းဆိုင်ရာ အညွှန်ကိန်းများကို သတိပြုမိသည်နှင့် တပြိုင်နက် ဘဏ်သည် စာချုပ် ပါဝင်သူထံမှ ထပ်တိုးအာမခံပစ္စည်းများကို တောင်းခံရမည် ဖြစ်ပါသည်။

အပေါင်ပစ္စည်း၏ သင့်တင့်မျှတသည့်တန်ဖိုးဆိုသည်မှာ လွတ်လပ်ပြီးမှီခိုမှုကင်းလွတ်သည့်ရာဖြတ်များက ချေးငွေစတင် ထုတ်ချေးသည့်နေ့မတိုင်မီ သက်ဆိုင်ရာပစ္စည်းများအတွက် အများစုအသုံးပြုနေသော တန်ဖိုးဖြတ်သည့် နည်းစနစ်များပေါ်အခြေခံ၍ တန်ဖိုးသတ်မှတ်ခြင်းဖြစ်သည်။ ချေးငွေများကို သီးခြားလွတ်လပ်စွာ ခန့်မှန်းထားသည့် အတင်းအကြပ်ရောင်းဈေး၏ ၃၀% မှ ၇၀% အထိ အနားသတ်အဖြစ် သတ်မှတ်ပြီး ထုတ်ပေးခြင်း ဖြစ်သည်။ အပေါင်ပစ္စည်းများကို ချေးငွေထုတ်ချေးပြီးနောက်ပိုင်းကာလများတွင် တန်ဖိုးပြန်လည်သတ်မှတ်ခြင်းမရှိသော်လည်း ချေးငွေကို အသစ်ထုတ်ပေးသည့်၊ သက်တမ်းတိုး ပေးသည့် အချိန်များတွင် တန်ဖိုးပြန်လည်သတ်မှတ်ပါသည်။ အပေါင်ပစ္စည်းများ ပြောင်းလဲမှုများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ဖောက်သည်ကို မေးမြန်းမှု ပြုလုပ်ပြီး ထိုအချိန်တွင် ပြန်လည်သုံးသပ်ခြင်းများကို လုပ်ဆောင်ရန်လိုမလိုကို ဆုံးဖြတ်ရလိမ့်မည် ဖြစ်ပါသည်။

ချေးငွေဆိုင်ရာကော်မတီက ကြွေးမြီအန္တရာယ်စီမံခန့်ခွဲသူနှင့် ထိန်းချုပ်မှုများကို ဗဟိုပြု၍ စုစည်းထိန်းချုပ်ပြီး ဒါရိုက်တာအဖွဲ့သို့ လစဉ်အစီရင်ခံတင်ပြပါသည်။ ကြွေးမြီအန္တရာယ်ကို အရင်းနှင့် အတိုးကို ပြန်လည် ပေးရန် တာဝန်ကို ပြည့်မီစေရန် ချေးယူသူနှင့် ချေးယူသူဖြစ်လာနိုင်သူများ၏ အရည်အသွေးကို ပုံမှန် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ချေးငွေကန့်သတ်မှုပမာဏများ ပြောင်းလဲခြင်းများမှတစ်ဆင့်လည်း စီမံပါသည်။

ဘဏ်၏ မူဝါဒတွင် တစ်ဦးချင်းကြွေးမြီများကို အချိန်ကာလအလိုက် သို့မဟုတ် တစ်ဦးချင်းစီ၏ အခြေအနေများပေါ် လိုအပ်သည့်အခါ ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ ချေးငွေကော်မတီ၏ ခွင့်ပြုချက်သည် အဓိကဖြစ်ပြီး ကိစ္စတစ်ရပ်စီပေါ်အခြေခံ၍ ကျခံရမည့်ဆုံးရှုံးမှုကို အကဲဖြတ်ခြင်းဖြင့် တစ်ဦးချင်းစာရင်း အပေါ် တန်ဖိုးလျော့ကျမှု ခွင့်ပြုချက်များကို ဆုံးဖြတ်ပါသည်။

**Maximum exposure to credit risk**

အောက်ပါဇယားသည် စာချုပ်တွင် ပါဝင်သူများက ၎င်းတို့၏ ပေးရန်တာဝန်ပျက်ကွက်သည့် အခြေအနေတွင် အပေါင်ပစ္စည်း သို့မဟုတ် အခြားလုံခြုံရေးဆိုင်ရာကိုင်ဆောင်ထားမှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုထားသည့် ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းနှင့် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပြင်ပရှိ ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ နှင့်စပ်လျဉ်း၍ အစီရင်ခံသည့်ကာလကုန်ဆုံးချိန်ရှိ ဘဏ်၏ Maximum exposure to credit risk ကို တင်ပြထား ပါသည်။ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရှိ Maximum exposure to credit risk သည် ဖော်ပြပါ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် အစီရင်ခံတင်ပြထားသော စာချုပ်စာတမ်းများ၏ သယ်ဆောင်လာသည့် ပမာဏ ဖြစ်ပါသည်။ ပေါ်ကောင်းပေါ်လာနိုင်သော ပေးရန်တာဝန်များအတွက် Maximum exposure to credit risk သည် ထုတ်ဝေထားသည့် စာချုပ်စာတမ်းများ၏ ပေးရန်တာဝန်များကို ပေးချေလျှင် ဘဏ်က ပေးရန်ရှိသည့် အများဆုံးပမာဏဖြစ်ပါသည်။ ချည်နှောင်ထားသည့် စာချုပ်စာတမ်းများအတွက် Maximum exposure to credit risk သည် ဖောက်သည်များသို့ အာမခံထားသည့် မထုတ်ပေးရသေးသည့် ချေးငွေပမာဏ အလုံးစုံ ဖြစ်ပါသည်။

| | ၃၀.၉.၂၀၂၅ (ကျပ်သန်း) | ၃၁.၃.၂၀၂၅ (ကျပ်သန်း) |
|---|---|---|
| ငွေနှင့်ဘဏ်လက်ကျန် | ၉၃,၅၀၆ | ၆၂,၅၇၉ |
| ချေးငွေလက်ကျန် | ၁၇၀,၅၀၇ | ၁၆၂,၈၄၂ |
| ရင်းနှီးမြှုပ်နှံမှုများ | ၃၆,၂၀၁ | ၃၆,၂၀၁ |
| **စုစုပေါင်း** | ၃၀၀,၂၁၄ | ၂၆၁,၆၂၂ |

**Maximum exposure to credit risk (အဆက်)**

| | ၃၀.၉.၂၀၂၅ (ကျပ်သန်း) | ၃၁.၃.၂၀၂၅ (ကျပ်သန်း) |
|---|---|---|
| **လက်ကျန်ရှင်းတမ်းပြင်ပ** | | |
| ပေါ်ကောင်းပေါ်လာနိုင်သောပေးရန်တာဝန်များများ | | |
| - အာမခံများ | ၃,၆၁၂ | ၃,၁၁၃ |
| - ထုတ်ယူခြင်းမရှိသေးသောချေးငွေကတိကဝတ်များ | ၄,၂၁၆ | ၂,၉၁၄ |
| | ၇,၈၂၈ | ၆,၀၂၇ |
| **Total maximum exposure to credit risk** | ၃၀၈,၀၄၂ | ၂၆၇,၆၄၉ |

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀)ရက်ကုန်ဆုံးသောကာလအတွက်**

**ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ**

---

**လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေအန္တရာယ်**

အစီရင်ခံသည့်ကာလကုန်ဆုံးချိန်တွင် လုပ်ငန်းအမျိုးအစားအလိုက် ဘဏ်၏ ချေးငွေနှင့် ကြိုတင်ငွေလက်ကျန် များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | ၃၀.၉.၂၀၂၅<br>(ကျပ်သန်း) | ၃၁.၃.၂၀၂၅<br>(ကျပ်သန်း) |
|---|---|---|
| စိုက်ပျိုးမွေးမြူရေးလုပ်ငန်း | ၂,၈၂၄ | ၉၅၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၂,၃၆၅ | ၁၀,၉၉၀ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၉,၆၉၄ | ၂၄,၁၉၈ |
| ဝန်ဆောင်မှုလုပ်ငန်း | ၄၃,၈၂၃ | ၃၉,၁၆၂ |
| ကုန်သွယ်မှုလုပ်ငန်း | ၇၅,၇၃၀ | ၆၈,၃၂၃ |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၄,၁၃၆ | ၇,၃၈၂ |
| အထွေထွေ (အငှား) ဝယ်ယူစနစ် | ၁,၇၆၆ | ၁,၈၈၈ |
| အိမ်ယာချေးငွေ | ၁,၆၄၆ | ၇၇၃ |
| အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း | ၈,၄၅၄ | ၉,၀၆၀ |
| ဝန်ထမ်းချေးငွေ | ၁၈၉ | ၂၃၆ |
| Total | ၁၇၀,၆၂၇ | ၁၆၂,၉၆၂ |

**Credit quality of Loans and advances**

ဘဏ်သည် ဘဏ်အတွင်း သတ်မှတ်ထားသည့် အကြွေးအဆင့်သတ်မှတ်ချက်အလိုက် ချေးငွေနှင့် ကြိုတင်ငွေများကို အဆင့်သတ်မှတ်ထားပါသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များဖြင့် ကြွေးမြီအဆင့်သတ်မှတ်ချက်များကို ပြုလုပ်ထားပါသည်။

| | ၃၀.၉.၂၀၂၅<br>(ကျပ်သန်း) | ၃၁.၃.၂၀၂၅<br>(ကျပ်သန်း) |
|---|---|---|
| စံမပြည့်သော ချေးငွေ | ၁၀ | ၁၇၅ |
| ရရန်မသေချာသော ချေးငွေ | ၂၁၉ | ၈၁၆ |
| ရလမ်းမရှိသော ချေးငွေ | ၇,၃၀၈ | ၁၃,၉၉၉ |
| **စုစုပေါင်း** | ၇,၅၃၇ | ၁၄,၉၉၀ |

## ၅-၂။ ကြွေးမြီအန္တရာယ် (Credit Risk) (အဆက်)

### Credit quality of Loans and advances (အဆက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအပေါ် အခြေခံ၍ ဘဏ်သည် ယေဘုယျအားဖြင့် စာချုပ်တွင်ပါဝင်သည့် ငွေချေးသူက စာချုပ်အရ သတ်မှတ်ချိန်အတွင်း ငွေပေးချေရန် ပျက်ကွက်သည့်အခါ ရက် ၆၀ အထက်ကျော်လွန်ပြီး ရက်ပေါင်း ၉၀ ထက်မကျော်သည့် ချေးငွေနှင့် ကြိုတင်ငွေများကို "စံမပြည့်သော ချေးငွေ" အဖြစ် အဆင့်သတ်မှတ်ပါသည်။ ထို့ပြင် ရက် ၉၁ မှ ၁၈၀ ရက် အထိ ကျော်လွန်သည့် ချေးငွေနှင့် ကြိုတင်ငွေများနှင့် ရက်ပေါင်း ၁၈၀ အထက်ကျော်လွန်သည့် ချေးငွေနှင့် ကြိုတင်ငွေများကို "ရရန်မသေချာသော ချေးငွေ"နှင့် "ရလမ်းမရှိသော ချေးငွေ" အဖြစ် အဆင့်သတ်မှတ်ပါသည်။

### Credit quality of Loans and advances (အဆက်)

"ရရန်မသေချာသော ချေးငွေ"နှင့် "ရလမ်းမရှိသော ချေးငွေ" များကို non-performing loans (NPL) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြသည့်အစီရင်ခံစာအရ ၃၀.၉.၂၀၂၅ နေ့ရှိ NPL ratio မှာ ၄.၄၁% နှင့် ၃၁.၃.၂၀၂၅ နေ့တွင် ၉.၀၉% ဖြစ်ပါသည်။

### Loan and advance past due

အောက်ပါဇယားသည် အစီရင်ခံသည့်ကာလကုန်ဆုံးချိန်တွင် အဆိုပါ ချေးငွေနှင့်ကြိုတင်ငွေစာချုပ်ပါ သတ်မှတ်ရက်ကျော်လွန်ခြင်းပေါ် အခြေခံ၍ ချေးငွေဆိုင်ရာစာချုပ်သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် သက်တမ်းကျော်လွန်ခြင်းများ တို့အတွက် သက်တမ်းအလိုက် စိစစ်ခြင်း ဖြစ်ပါသည်။

| | ၃၀.၉.၂၀၂၅ (ကျပ်သန်း) | ၃၁.၃.၂၀၂၅ (ကျပ်သန်း) |
|---|---|---|
| ရက် ၆၁ မှ ၉၀ ထိ ပျက်ကွက်ခြင်း | ၁၀ | ၁၇၅ |
| ရက် ၉၁ မှ ၁၈၀ ထိ ပျက်ကွက်ခြင်း | ၂၁၉ | ၈၁၆ |
| ရက် ၁၈၀ အထက် ပျက်ကွက်ခြင်း | ၇,၃၀၈ | ၁၃,၉၉၉ |

## ၅-၃။ ငွေဖြစ်လွယ်မှုအန္တရာယ်နှင့်ငွေသားစီးဆင်းမှု

ငွေဖြစ်လွယ်မှုအန္တရာယ် ဆိုသည်မှာ ဘဏ်တွင်လက်ခံထားသော အပ်ငွေများနှင့် ချေးယူငွေများ စေ့ရောက်သော ကာလ တွင် အဆိုပါ ပေးရန်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာကတိကဝတ်များကို ပေးရန်ခက်ခဲနိုင်သည့်အန္တရာယ် အမျိုးအစား ဖြစ်ပါသည်။ ဘဏ်၏စီမံခန့်ခွဲသူများမှ ၎င်းတို့၏ Asset and Liability တို့၏ အခြေအနေကို နေ့စဉ် ပုံမှန် သုံးသပ်ပါသည်။

## ၅-၃။ ငွေဖြစ်လွယ်မှုအန္တရာယ်နှင့်ငွေသားစီးဆင်းမှု (အဆက်)

ဘဏ်သည် နေ့စဉ်ငွေသားစီးဆင်းမှုအခြေအနေကို ထိန်းသိမ်းခြင်းနှင့် အနာဂတ်တွင် ငွေသားစီးဆင်းမှုကို ကြိုတင်ခန့်မှန်းခြင်းများကို နေ့စဉ်ပြုလုပ်ခြင်းဖြင့် ငွေသားစီးဆင်းမှုအန္တရာယ် ကို စီမံပါသည်။ ဘဏ်သည် အန္တရာယ်ကို လျော့ပါးစေရန် မည်သို့ဆောင်ရွက်ရမည့်ဆိုသည့် အကြံအစည်ကို လည်း ပြုလုပ်ထားပါသည်။ စုစုပေါင်းအပ်နှံငွေပေါ် တွင် ၃.၅% ကို မဖျော်မှန်းနိုင်သည့် ငွေဖြစ်လွယ်မှုလိုအပ်ချက်များအတွက် ငွေသားပုံစံဖြင့် ထားရှိရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချမှတ်ထားသည့် လိုအပ်ချက်ကို ဘဏ်အနေဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြသည့်အစီရင်ခံစာအရ ဘဏ်၏ (၃၀.၉.၂၀၂၅) နေ့ရှိ ငွေကြေးလွယ်ကူမှု အချိုးမှာ ၅၉.၅၈% ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အမှတ် ၁၉/၂၀၁၇ ဖြင့် စံအဖြစ် သတ်မှတ်ထားသော ငွေကြေးလွယ်ကူမှုအချိုး ၂၀% ထက် ကျော်လွန်ပါသည်။

## ၅-၄။ Foreign Exchange Risk (FER)

FER ဆိုသည်မှာ နိုင်ငံခြားငွေဖြင့် ရပိုင်ခွင့်၊ ပေးရန်တာဝန်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အရောင်းအဝယ် စာချုပ်များ၏ နိုင်ငံခြားငွေ လဲလှယ်နှုန်း အပြောင်းအလဲများမှ သက်ရောက်ပြောင်းလဲနိုင်သော အန္တရာယ်ကို ဆိုလိုပါသည်။

ဘဏ်၏ Foreign Exchange Exposure များတွင် Trading မဟုတ်သော (Non-Trading) Foreign Exchange Exposure များသည် မူအားဖြင့် Investment များ၊ Funding Activities များနှင့် Customer business များမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

## ၅-၅။ လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်

လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်ဆိုသည်မှာ ဘဏ်၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများနှင့် ဆက်နွယ်ပြီး ဘဏ္ဍာရေးအရ ဆုံးရှုံးနိုင်ခြေရှိသည့်အရှုံးငွေ၊ ဘဏ်တွင်းကြီးကြပ်မှု၊ လုပ်ငန်းလုပ်ဆောင်မှုအဆင့်များနှင့် လုပ်ငန်းတွင်း လည်ပတ်မှုစနစ်၏ ချို့ယွင်း အားနည်းချက်များကြောင့် ဘဏ်၏ စီးပွားရေးမတည်ငြိမ်မှု ဖြစ်နိုင်ခြေကို ဆိုလိုပါသည်။

အဆိုပါလုပ်ငန်းလုပ်ဆောင်မှုအန္တရာယ်ကို စီမံခန့်ခွဲရာတွင် ကုန်ကျနိုင်သည့်ကုန်ကျစရိတ် နှင့် ဘဏ်၏ အန္တရာယ် စွန့်စားလိုမှု ကန့်သတ်ချက်အတွင်း ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို မျှတမှုရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

သို့ရာတွင် ဘဏ်အနေဖြင့် အဆိုပါ လုပ်ငန်းလုပ်ဆောင်မှုအန္တရာယ် တစ်ခုလုံးကို ပျောက်ကွယ်အောင်လုပ်နိုင်ရန် မဖြစ်နိုင်သကဲ့သို့ ရံဖန်ရံခါ ယင်းအန္တရာယ်ကို စီမံရသည့်ကုန်ကျစရိတ်သည် ရလာနိုင်သည့်အကျိုးများထက် ပို၍ လေးပင်စေနိုင်ကြောင်းကိုလည်း နားလည်လက်ခံထားပါသည်။ ထို့ကြောင့် ဘဏ်အနေဖြင့် ယင်းအန္တရာယ်များကို တတ်နိုင်သမျှ လျော့ပါးစေနိုင်ရန်၊ စီးပွားရေး ဆက်လက်လုပ်ကိုင်နိုင်မှုစီမံခြင်း၊ မတော်တဆဖြစ်ရပ်စီမံခြင်း စသည်တို့ အတွက် ဆက်လက် ရင်နှီးမြှုပ်နှံပါသည်။ ထို့အပြင် ဘဏ်၏ အန္တရာယ်ဆိုင်ရာဗျူဟာများ ချမှတ်အကောင်အထည် ဖော်ခြင်း အားကောင်းလာစေရန် ဘဏ်တွင်းစာရင်းစစ်အဖွဲ့မှလည်း အန္တရာယ် ကိစ္စရပ်များအား စစ်ဆေးမှု ပြုလုပ် ပါသည်။

## ၅-၆။ ဥပဒေနှင့်လိုက်နာမှုအန္တရာယ်

ဥပဒေအန္တရာယ်ဆိုသည်မှာ ဘဏ်၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများမှ မရည်ရွယ် မမျှော်လင့်ဘဲ အောက်ပါ ဥပဒေဆိုင်ရာ အကျိုးဆက်များ ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။

(၁) စုဆောင်းရရှိသော အချက်အလက်များ မလုံလောက်ခြင်း၊ ဥပဒေ သို့မဟုတ် တရားရေးအရ မစွမ်းဆောင်နိုင်ခြင်း၊ စာချုပ်ဝင် အခြားတစ်ဖက်၏ လုပ်ပိုင်ခွင့် မလုံလောက်ခြင်းနှင့် စာချုပ်ဝင်အခြားတစ်ဖက်၏ လွှဲခံယူမှုတွင် ခိုင်လုံသော သို့မဟုတ် စာချုပ် တစ်ခု၏ အတည်ပြုနိုင်မှုနှင့်ပတ်သက်၍ မသေချာမှုများ ၊

(၂) အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသော ဥပဒေ သို့မဟုတ် တရားရေးဖောက်ဖျက်မှုများ (ဘဏ်တစ်ခု အတွက် တာဝန်မပေးအပ်ထားသော လုပ်ဆောင်ချက်နှင့် ပြည်သူများကို ရာဇဝတ်မှုကျူးလွန်ရန် သို့မဟုတ် ဥပဒေ ဖောက်ဖျက်ရန် ဆွဲဆောင်နိုင်သော လုပ်ဆောင်ချက်များ ပါဝင်သည်။) ၊

(၃) ဘဏ်၏ ပိုင်ဆိုင်ခွင့်များကို ကာကွယ်ရန်အရည်အချင်း မပြည့်မှီခြင်း ၊

(၄) ဆူပူအုံကြွမှုများဖြစ်စေနိုင်ခြင်း (လုပ်ဆောင်ချက်များ သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် အခြားအငြင်းပွားမှုများ ဖြစ်စေနိုင် သော အခြားဖြစ်ရပ်များ ပါဝင်ပါသည်။) ၊

(၅) ဆုံးရှုံးမှု သို့မဟုတ် အခွန်နှုန်းထားများ သို့မဟုတ် ဥပဒေများ၏ ဆောင်ရွက်မှုတွင် ပြောင်းလဲမှုများ သို့မဟုတ် အမှားများနှင့် သက်ဆိုင်သော ပြောင်းလဲမှုများ များပြားလာခြင်း ၊

လိုက်နာမှုအန္တရာယ်ဆိုသည်မှာ သက်ဆိုင်သည့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ အမှာစာနှင့် ကိုယ်ကျင့်တရားများကို လိုက်နာရန် ပျက်ကွက်ခြင်း၊ မလိုက်နာနိုင်သည့်အခြေအနေ ရောက်ရှိခြင်းကို ဆိုလိုပါသည်။ အဆိုပါ မလိုက်နာမှုကြောင့် ဘဏ်အား ဒဏ်ငွေတပ်ရိုက်နိုင်ခြင်း၊ အများပြည်သူက ပြစ်တင်ရှုတ်ချခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်အား ယာယီရပ်တန့်ရခြင်း၊ အခြေအနေဆိုးရွားပါက လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို ရုပ်သိမ်းမှု ပြုလုပ်ခံရခြင်းအထိ သက်ရောက်နိုင်ပါသည်။

ဘဏ်အနေဖြင့် အထက်ပါဥပဒေနှင့်လိုက်နာမှုအန္တရာယ်များကို ဘဏ်တွင်းနှင့် ပြင်ပဥပဒေအတိုင်ပင်ခံများ၊ အကြံပေးများ ဖြင့် ထိရောက်စွာ စီမံအုပ်ချုပ်ပါသည်။

ဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် အခါအားလျော်စွာ လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

## ၅-၇။ ရင်းနှီးငွေစီမံခန့်ခွဲမှု

ရင်းနှီးငွေစီမံခန့်ခွဲမှု ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများအား ထောက်ပံ့ရန်အတွက် ရင်းနှီးငွေပမာဏအား လုံလောက်စွာထားရှိ အသုံးပြုနိုင်ရန်၊ ဘဏ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အန္တရာယ်များအား အချိုးညီစွာ ထိန်းသိမ်းထားရှိရန်နှင့် ဥပဒေလိုအပ်ချက်များအရ ဆောင်ရွက်ရန် ဖြစ်ပါသည်။

| | ၃၀.၉.၂၀၂၅ (ကျပ်သန်း) | ၃၁.၃.၂၀၂၅ (ကျပ်သန်း) |
|---|---|---|
| ထည့်ဝင်ပြီးရင်းနှီးငွေ | ၂၉,၆၆၅ | ၂၉,၆၆၅ |
| ရှယ်ယာပရီမီယံ | ၁၁,၈၄၆ | ၁၁,၈၄၆ |
| စုဆောင်းထားသောအမြတ်လက်ကျန် | ၂၃,၈၀၂ | ၁၈,၂၀၃ |
| ရန်ပုံငွေများ | ၂၅,၆၃၁ | ၂၅,၆၃၁ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြသည့်အစီရင်ခံစာအရ ဘဏ်၏ Tier 1 Capital အချိုး မှာ ၃၀.၉.၂၀၂၅ ရက်နေ့တွင် ၃၉.၇၅% ဖြစ်ပြီး ဥပဒေအရ ရင်းနှီးငွေလုံလောက်မှုအချိုးမှာ ၄၃.၇၉% ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ညွှန်ကြားချက် ၁၆/၂၀၁၇ အရ အနိမ့်ဆုံးထားရှိရမည်ဟု သတ်မှတ်ထားသည့် ဥပဒေအရ ရင်းနှီးငွေ လုံလောက်မှုအချိုး ၈% နှင့် Tier 1 Capital အချိုး ၄% ဖြစ်ပါသည်။

## ၆။ ငွေနှင့်ဘဏ်လက်ကျန်

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ငွေလက်ကျန် | ၄၈,၂၉၂,၆၂၂,၇၈၀ | ၈,၂၂၇,၃၂၄,၈၉၅ |
| အခြားဘဏ်များရှိငွေလက်ကျန် | ၂၅,၆၀၇,၃၁၇,၄၁၀ | ၄၀,၁၁၆,၉၈၁,၂၇၈ |
| ငွေသားလက်ကျန် | ၁၉,၆၀၆,၁၁၃,၇၇၈ | ၁၄,၂၃၄,၃၄၇,၇၉၈ |
| | ၉၃,၅၀၆,၀၅၃,၉၆၈ | ၆၂,၅၇၈,၆၅၃,၉၇၁ |

## ၇။ ချေးငွေလက်ကျန်

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ချေးငွေများ | ၁၆၀,၀၉၈,၂၃၇,၆၄၃ | ၁၄၈,၁၅၇,၇၉၅,၉၄၂ |
| စာရင်းပိုထုတ်ချေးငွေ | ၁,၈၃၉,၁၁၂,၃၂၁ | ၄,၂၂၄,၀၉၅,၇၈၂ |
| Term Loan | ၂၃၅,၀၀၀,၀၀၀ | ၁,၅၂၀,၅၀၀,၀၀၀ |
| အသေးစားအလတ်စားလုပ်ငန်း ချေးငွေ | ၈,၄၅၄,၄၀၀,၀၀၀ | ၉,၀၅၉,၇၅၀,၀၀၀ |
| | ၁၇၀,၆၂၆,၇၄၉,၉၆၅ | ၁၆၂,၉၆၂,၁၄၁,၇၂၄ |
| **သီးသန့်ကြွေးဆုံးလျာထားချက်** | (၁၂၀,၀၀၀,၀၀၀) | (၁၂၀,၀၀၀,၀၀၀) |
| | ၁၇၀,၅၀၆,၇၄၉,၉၆၅ | ၁၆၂,၈၄၂,၁၄၁,၇၂၄ |

ဗဟိုဘဏ်အမိန့်ညွှန်ကြားချက် ၁၇/၂၀၁၇ နှင့်အညီ ချေးငွေနှင့် ကြိုတင်ငွေစုစုပေါင်း၏ ၂% ကို အထွေထွေရန်ပုံငွေ (ချေးငွေ) အဖြစ် သတ်မှတ်ပြီး ပေးရန်တာဝန်များခေါင်းစဉ်အောက်တွင် ဖော်ပြထားပါသည်။

**(က) လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေလက်ကျန်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂၃,၄၈၇,၉၂၈,၁၉၇ | ၂၈,၉၆၇,၆၇၁,၆၈၂ |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၄,၁၃၆,၄၆၂,၁၃၆ | ၇,၃၈၂,၄၄၄,၁၄၈ |
| ကုန်သွယ်မှုလုပ်ငန်း | ၇၇,၉၂၅,၃၁၈,၂၆၂ | ၇၀,၉၅၉,၈၇၆,၂၅၅ |
| ဝန်ဆောင်မှုလုပ်ငန်း | ၄၅,၅၁၂,၈၀၅,၆၄၉ | ၄၁,၀၅၅,၄၀၈,၉၉၉ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၃,၁၃၉,၆၈၆,၀၈၆ | ၁၁,၆၉၉,၇၀၀,၂၀၄ |
| စိုက်ပျိုးရေးလုပ်ငန်း | ၂,၈၂၄,၁၄၄,၉၂၇ | - |
| အငှားဝယ်စနစ် | ၁,၇၆၅,၈၃၇,၀၃၅ | ၁,၈၈၇,၇၂၇,၃၂၄ |
| ဝန်ထမ်းချေးငွေ | ၁၈၉,၀၈၅,၈၃၃ | ၂၃၅,၉၉၂,၅၀၀ |
| အိမ်ရာဝယ်ယူခြင်း | ၁,၆၄၅,၄၈၁,၈၄၀ | ၇၇၃,၃၂၀,၆၁၂ |
| | ၁၇၀,၆၂၆,၇၄၉,၉၆၅ | ၁၆၂,၉၆၂,၁၄၁,၇၂၄ |

(ခ) လုပ်ငန်းအမျိုးအစားအလိုက် သီးသန့်ခွဲခြားဆုံးလျာထားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ကုန်သွယ်မှုလုပ်ငန်း | - | - |
| ဝန်ဆောင်မှုလုပ်ငန်း | - | - |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၂၀,၀၀၀,၀၀၀ | ၁၂၀,၀၀၀,၀၀၀ |
| | ၁၂၀,၀၀၀,၀၀၀ | ၁၂၀,၀၀၀,၀၀၀ |

၈။ အခြားရရန်ရှိ

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ချေးငွေအပေါ်အတိုးရရန်ရှိ | ၅,၅၇၆,၇၆၈,၇၉၉ | ၈,၆၆၇,၃၂၇,၄၈၁ |
| အခြားဘဏ်များတွင် အပ်ငွေအပေါ်အတိုးရရန်ရှိ | - | ၈၄,၈၂၁,၉၁၈ |
| ရင်းနှီးမြှုပ်နှံမှုအပေါ်အတိုးရရန်ရှိ | ၈၁၂,၈၁၂,၅၀၀ | ၁,၆၀၇,၆၇၀,၇၉၉ |
| ကြိုတင်ပေးစရိတ် | ၁,၀၇၄,၂၈၄,၈၇၉ | ၇၇၈,၁၀၇,၄၄၇ |
| ကြိုတင်ပေး - (၂)နှစ် စာရင်းသေအပ်ငွေပေါ် အတိုး | ၆၈,၁၄၄,၀၂၆ | ၄၀,၆၆၆,၇၀၂ |
| ကြိုတင်အခွန် | ၂,၅၁၅,၄၆၃,၃၅၂ | ၁,၃၆၅,၁၀၀,၆၀၂ |
| တောင်းခံငွေစာရင်း | ၇၃,၂၇၁,၀၆၁ | ၈၂,၁၁၇,၁၉၀ |
| ရရန်ရှိလွှဲငွေ | ၂၀၀,၉၂၉,၉၃၈ | ၆၅၂,၃၄၃,၁၂၁ |
| အခြား | ၂၇၇,၄၂၆,၇၈၆ | ၁၅၂,၁၅၉,၄၃၃ |
| ဆောင်ရွက်ဆဲလုပ်ငန်း | ၁,၂၃၉,၁၅၈,၃၈၇ | ၁,၂၅၈,၉၉၁,၁၁၂ |
| | ၁၁,၈၃၈,၂၅၉,၇၂၇ | ၁၄,၆၈၉,၃၀၅,၈၀၆ |

၉။ ရင်းနှီးမြှုပ်နှံမှုများ

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| **တန်ဖိုးလျှော့ထားသည့် ရောင်းချရန်ရင်းနှီးမြှုပ်နှံမှု** | | |
| အစိုးရငွေတိုက်စာချုပ်များ | ၃၆,၀၀၀,၀၀၀,၀၀၀ | ၃၆,၀၀၀,၀၀၀,၀၀၀ |
| | ၃၆,၀၀၀,၀၀၀,၀၀၀ | ၃၆,၀၀၀,၀၀၀,၀၀၀ |
| **တန်ဖိုးမသတ်မှတ်ထားသောရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာ၏မူရင်းတန်ဖိုး** | | |
| Myanmar Payment Union | ၂၀၀,၀၀၀,၀၀၀ | ၂၀၀,၀၀၀,၀၀၀ |
| Credit Bureau | ၁,၃၀၀,၀၀၀ | ၁,၃၀၀,၀၀၀ |
| | ၂၀၁,၃၀၀,၀၀၀ | ၂၀၁,၃၀၀,၀၀၀ |
| | ၃၆,၂၀၁,၃၀၀,၀၀၀ | ၃၆,၂၀၁,၃၀၀,၀၀၀ |

## ၁၀။ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်း အသေးစိတ်ဇယားအား နောက်ဆက်တွဲဇယား (၁)ဖြင့် ဖော်ပြထားပါသည်။

## ၁၁။ ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| **မူရင်းတန်ဖိုး** | | |
| စာရင်းဖွင့်လက်ကျန် | ၆၁၅,၄၆၀,၃၄၁ | ၆၁၅,၄၆၀,၃၄၁ |
| နှစ်အတွင်းထပ်တိုးခြင်း | - | - |
| စာရင်းပြောင်းခြင်း | - | - |
| ဘဏ်အတွင်း စာရင်းပြောင်းခြင်း | - | - |
| စာရင်းညှိနှိုင်းခြင်း | ၃၀,၀၀၀,၀၀၀ | |
| **စာရင်းပိတ်လက်ကျန်** | ၆၄၅,၄၆၀,၃၄၁ | ၆၁၅,၄၆၀,၃၄၁ |
| **တန်ဖိုးလျော့လျာထား** | | |
| စာရင်းဖွင့်လက်ကျန် | ၃၅၀,၇၅၄,၂၀၅ | ၂၂၇,၆၆၂,၁၃၇ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၆၄,၅၄၆,၀၃၄ | ၁၂၃,၀၉၂,၀၆၈ |
| ဆောက်လုပ်ဆဲမှ စာရင်းပြောင်းခြင်း | - | - |
| ဘဏ်အတွင်း စာရင်းပြောင်းခြင်း | - | - |
| စာရင်းညှိနှိုင်းခြင်း | - | |
| **စာရင်းပိတ်လက်ကျန်** | ၄၁၅,၃၀၀,၂၄၀ | ၃၅၀,၇၅၄,၂၀၅ |
| **စာရင်းပိတ် အသားတင်လက်ကျန်တန်ဖိုး** | ၂၃၀,၁၆၀,၁၀၁ | ၂၆၄,၇၀၆,၁၃၆ |

## ၁၂။ ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ

| | သာမန်အစုရှယ်ယာအရေအတွက် | | သင့်ငွေ | |
|---|---|---|---|---|
| | ၃၀.၉.၂၀၂၅<br>အစု | ၃၁.၃.၂၀၂၅<br>အစု | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
| **ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ** | | | | |
| သာမန်အစုရှယ်ယာ | ၂၈,၆၆၄,၆၁၃ | ၂၈,၆၆၄,၆၁၃ | ၂၈,၆၆၄,၆၁၃,၀၀၀ | ၂၈,၆၆၄,၆၁၃,၀၀၀ |
| (+)ထပ်တိုးခြင်း- | - | - | - | - |
| **စာရင်းပိတ်လက်ကျန်** | ၂၈,၆၆၄,၆၁၃ | ၂၈,၆၆၄,၆၁၃ | ၂၈,၆၆၄,၆၁၃,၀၀၀ | ၂၈,၆၆၄,၆၁၃,၀၀၀ |

၁၃။ ရန်ပုံငွေများ

အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ၃၀.၉.၂၀၂၅ မြန်မာကျပ် | ၃၁.၃.၂၀၂၅ မြန်မာကျပ် |
|---|---|---|
| **ဥပဒေပြဋ္ဌာန်း အထွေထွေသီးသန့်ရန်ပုံငွေ [၁]** | | |
| စာရင်းဖွင့်လက်ကျန် | ၂၂,၀၃၇,၃၉၁,၅၂၇ | ၁၉,၀၄၃,၃၄၈,၈၂၀ |
| နှစ်အတွင်းထပ်မံလျာထားမှု | - | ၂,၉၉၄,၀၄၂,၇၀၇ |
| **စာရင်းပိတ်လက်ကျန်** | ၂၂,၀၃၇,၃၉၁,၅၂၇ | ၂၂,၀၃၇,၃၉၁,၅၂၇ |
| **အရေးပေါ်ကိစ္စများ အတွက်သီးသန့်ရန်ပုံငွေ** | | |
| စာရင်းဖွင့်လက်ကျန် | ၁၁၄,၈၅၀,၁၄၃ | ၁၁၄,၆၉၆,၄၁၂ |
| နှစ်အတွင်းထပ်မံလျာထားမှု | | ၁၅၃,၇၃၁ |
| **စာရင်းပိတ်လက်ကျန်** | ၁၁၄,၈၅၀,၁၄၃ | ၁၁၄,၈၅၀,၁၄၃ |
| **အခြားရန်ပုံငွေများ** | | |
| စာရင်းဖွင့်လက်ကျန် - Computer Funds | ၃,၄၇၈,၃၈၄,၇၄၉ | ၃,၄၇၈,၃၈၄,၇၄၉ |
| **စာရင်းပိတ်လက်ကျန်** | ၃,၄၇၈,၃၈၄,၇၄၉ | ၃,၄၇၈,၃၈၄,၇၄၉ |
| **စုစုပေါင်းရန်ပုံငွေများ** | ၂၅,၆၃၀,၆၂၆,၄၁၈ | ၂၅,၆၃၀,၆၂၆,၄၁၈ |

**(၁)** မြန်မာနိုင်ငံငွေရေးကြေးရေးဥပဒေပုဒ်မ ၃၅ (က) နှင့်အညီ ဝင်ငွေခွန်နှုတ်ပြီး အသားတင်အမြတ်၏ ၂၅% အား ဥပဒေပြဋ္ဌာန်း အထွေထွေသီးသန့် ရန်ပုံငွေအဖြစ် သီးသန့်ဖယ်ထားပြီး ငွေသားဖြင့် အမြတ်ဝေစု ခွဲဝေခြင်းကို မပြုလုပ်ရပါ။

၁၄။ အခြားပေးရန်တာဝန်များ

| | ၃၀.၉.၂၀၂၅ မြန်မာကျပ် | ၃၁.၃.၂၀၂၅ မြန်မာကျပ် |
|---|---|---|
| ၁ <u>ငွေပေးအမိန့်</u> | ၇၅,၉၈၃,၃၀၀ | ၃၇,၀၇၁,၄၀၀ |
| ၂ <u>ယာယီ အပ်ငွေ</u> | | |
| ရပ်တန့်ထားသောအတိုးဝင်ငွေ | ၃,၆၇၁,၅၇၂,၉၉၄ | ၅,၆၂၃,၆၄၇,၉၈၀ |
| Digital Banking | ၁၅,၀၇၃,၀၀၉ | ၃,၃၃၉,၃၆၅ |
| Deposits Unclaimed Liabilities | ၁၅,၆၁၈,၄၇၅ | ၄၄၄,၅၈၂ |
| Deposit Parking | ၁၈,၁၂၀,၇၄၆ | ၁၅,၇၃၈,၃၀၀ |
| အလုပ်သမားလွှဲပို့ငွေ(Worker Remit with CBM) | ၃၇,၅၈၁,၇၂၂ | - |
| နိုင်ငံခြားငွေကြေးလဲလှယ်မှုစာရင်းညှိနှိုင်းချက် | ၁,၉၉၀,၄၀၂,၆၁၂ | - |
| တံဆိပ်ခေါင်းခွန် | ၅၂,၂၂၅ | ၁,၀၀၀ |
| ဒဏ်ကြေး | ၇၄၁,၇၀၃,၂၇၇ | ၁,၀၇၃,၉၀၅,၈၆၄ |
| အခြား | ၄၇၂,၈၄၇,၆၇၇ | ၄၄၄,၂၅၆,၉၀၆ |
| | ၆,၉၆၂,၉၇၂,၇၃၇ | ၇,၁၆၁,၃၃၃,၉၉၇ |

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

၁၄။ အခြားပေးရန်တာဝန်များ (အဆက်)

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ၃ <u>ပေးရန်ရှိများ</u> | | |
| အခြားပေးရန်ရှိ | ၂၂၁,၀၆၆,၂၃၄ | ၃၁၁,၂၄၀,၀၁၇ |
| အတိုးပေးရန်ရှိ | ၁,၃၃၁,၅၆၇,၉၄၄ | ၁,၀၄၀,၆၆၁,၈၆၆ |
| | ၁,၅၅၂,၆၃၄,၁၇၉ | ၁,၃၅၁,၉၀၁,၈၈၃ |
| ၄ <u>တောင်းခံခြင်း မရှိသေးသည့် ပေးရန်ရှိများ</u> | | |
| တောင်းခံခြင်း မရှိသေးသည့် အမြတ်ဝေစုများ | ၇၉,၀၂၂,၁၁၉ | ၈၅,၃၅၅,၁၁၉ |
| တောင်းခံခြင်း မရှိသေးသည့်အခြားပေးရန်ရှိများ | ၈,၃၉၆,၁၅၇ | ၈,၃၉၆,၁၅၇ |
| | ၈၇,၄၁၈,၂၇၆ | ၉၃,၇၅၁,၂၇၆ |
| ၅ <u>အခွန်လျာထား</u> | ၂,၁၅၄,၅၉၀,၀၄၉ | ၂,၁၅၄,၅၉၀,၀၄၉ |
| ၆ <u>ပေးရန်ရှိလွှဲငွေ</u> | ၁၇၀,၈၉၅,၇၀၂ | ၇၆၅,၅၃၇,၄၀၂ |
| | ၁၁,၀၀၄,၄၉၄,၂၄၃ | ၁၁,၅၆၄,၁၈၆,၀၀၇ |

| | ၂၀၂၅ ခုနှစ် ဧပြီလမှ<br>စက်တင်ဘာ အထိ<br>မြန်မာကျပ် | ၂၀၂၄ - ၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ၁၅။ အတိုးဝင်ငွေ | | |
| ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ | ၁၁,၉၀၁,၁၂၅,၆၂၁ | ၁၈,၅၀၃,၄၇၄,၈၂၉ |
| အခြားဘဏ်များမှ ရရှိသည့်အတိုး | ၈၉၂,၄၈၁,၇၁၂ | ၁,၇၅၁,၈၇၅,၅၈၁ |
| အစိုးရငွေတိုက်စာချုပ်များမှ အတိုး | ၁,၅၃၇,၁၅၀,၄၃၃ | ၂,၇၉၇,၉၈၅,၉၅၀ |
| | ၁၄,၃၃၀,၇၅၇,၇၆၆ | ၂၃,၀၅၃,၃၃၆,၃၆၀ |

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်**

**ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ**

**၁၆။ အတိုးစရိတ်**

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ<br>မြန်မာကျပ် | ၂၀၂၄ - ၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| **အတိုးစရိတ်** | | |
| ငွေစုစာရင်းအပ်ငွေ | ၁,၁၀၅,၆၀၁,၆၃၁ | ၂,၂၇၈,၂၀၈,၄၄၀ |
| ခေါ်ယူအပ်ငွေ | ၈,၉၁၄,၇၇၃ | ၉,၇၄၈,၃၀၂ |
| အချိန်ပိုင်းအပ်ငွေ | ၃၄၅,၉၉၂,၆၆၆ | ၆၄၃,၆၇၆,၉၇၃ |
| အထူးငွေစုစာရင်းအပ်ငွေ | ၁,၃၆၄,၄၀၀,၈၀၅ | ၂,၂၇၀,၆၆၁,၇၆၉ |
| အထူးခေါ်ယူအပ်ငွေ | ၅၂၇,၉၀၃,၈၀၃ | ၁,၀၀၂,၄၂၈,၀၅၈ |
| အထူးအချိန်ပိုင်းအပ်ငွေ | ၂,၁၉၀,၉၃၄,၀၃၇ | ၂,၇၇၅,၃၈၄,၇၆၃ |
| Super call Deposit | ၂၀၂,၈၄၅,၃၀၉ | ၂၉၀,၉၇၀,၈၂၈ |
| Flexi income Fixed Deposit | ၂၉၇,၈၈၆,၂၂၈ | ၁၃၆,၅၀၈,၉၄၄ |
| Platinum Fixed Deposits | ၇၀၄,၃၄၆,၂၇၂ | ၂၄၃,၉၂၇,၉၀၆ |
| Royal Saving Deposit | ၉၅၆,၅၁၁,၁၅၅ | ၃၀၈,၅၈၉,၀၄၁ |
| Borrowing From CBM | ၄၀,၆၈၄,၉၃၂ | ၈၅၉,၃၅၁,၂၆၄ |
| | ၇,၇၄၆,၀၂၁,၆၁၁ | ၁၀,၈၁၉,၄၅၆,၂၈၉ |

**၁၇။ ကော်မရှင်ဝင်ငွေနှင့် အခကြေးငွေများ**

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ<br>မြန်မာကျပ် | ၂၀၂၄ - ၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| **ကော်မရှင်** | | |
| Swift/TT | ၁၈ဝ,၃ဝ၆ | ၂၆ဝ,၄၄၂ |
| မီးအာမခံ | ၅၈,၅၆၈,၇၃၈ | ၅၈,၁၉၁,၂၅၅ |
| အခကြေးငွေ နှင့် ကော်မရှင် (အခြား) | ၁၅,၉၃၀,၇၇၈ | ၄၅,၉၀၅,၁၅၃ |
| Remittance | ၅၄,၇၃၇,၄၀၈ | ၁၆၅,၀၉၉,၉၄၇ |
| Commission on Payment Order | ၁,၅၁၁,၈၆၃ | ၃,၄၉၁,၅၁၂ |
| အထွေထွေဝင်ငွေ | ၇,၁၇၇,၈၈၁ | ၄၄,၃၉၀,၇၃၉ |
| အခြားစာရင်းများ (Services Charges for others) | ၁,၃၃၄,၀၈၃,၉၅၆ | ၁,၃၃၄,၄၉၇,၄၁၁ |
| | ၁,၄၇၂,၁၉၀,၉၃၁ | ၁,၆၅၁,၈၃၆,၄၅၉ |

## ၁၈။ ကော်မရှင်စရိတ်နှင့် အခကြေးငွေများ

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ဒါရိုက်တာလုပ်ခ၊ လစာနှင့် စရိတ် | ၁၀၈,၁၅၀,၀၀၀ | ၁၈၀,၀၀၀,၀၀၀ |
| ပညာရှင်စရိတ် | ၅၆,၈၇၀,၀၀၀ | ၇၀,၂၆၅,၅၀၀ |
| မှတ်ပုံတင်ကြေးနှင့် လိုင်စင်ခ | ၂၀၆,၃၆၀,၃၁၈ | ၂၂၈,၉၉၁,၆၉၄ |
| Fee and Commission Expense On SWIFT Charges | ၂၅,၉၆၂,၃၇၃ | ၃၁,၇၀၅,၄၉၁ |
| အခြား | ၁၀၁,၃၈၉,၀၇၈ | ၃၁၈,၀၃၉,၃၀၁ |
| | ၄၉၈,၇၃၁,၇၇၀ | ၈၂၉,၀၀၁,၉၈၅ |

## ၁၉။ အခြားဝင်ငွေ

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ငွေလဲလှယ်မှုအမြတ် | ၅,၀၀၀,၀၀၀,၀၀၀ | ၂,၈၄၉,၇၃၈,၅၇၂ |
| အခြားဝင်ငွေ (ပုံသေပိုင်ပစ္စည်းရောင်းရငွေ) | ၁၀၉,၃၈၂,၆၆၁ | ၈,၉၈၅,၇၅၅,၂၁၂ |
| | ၅,၁၀၉,၃၈၂,၆၆၁ | ၁၁,၈၃၅,၄၉၃,၇၈၄ |

## ၂၀။ ဆုံးရှုံးမှုအတွက်လျာထားခြင်းများ

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| အထွေထွေကြေးဆုံးလျာထားချက် | ၁၅၃,၂၉၂,၁၆၅ | ၈၉၀,၅၆၇,၃၅၆ |
| သီးသန့်ကြေးဆုံးလျာထားချက် | - | ၈၁,၀၀၀,၀၀၀ |
| | ၁၅၃,၂၉၂,၁၆၅ | ၉၇၁,၅၆၇,၃၅၆ |

**ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်**

**ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ**

## ၂၁။ စီမံခန့်ခွဲမှုနှင့်အထွေထွေစရိတ်

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ငှားခ၊ မီတာခနှင့် ရေမီတာ | ၂၂,၆၃၁,၀၅၀ | ၂၄၅,၉၃၄,၂၃၉ |
| ထိန်းသိမ်းပြုပြင်စရိတ် | ၁၃၂,၀၈၇,၆၆၃ | ၂၂၀,၉၇၉,၈၆၂ |
| နှစ်ပတ်လည်အထွေထွေအစည်းအဝေး | ၅,၄၅၀,၀၀၀ | ၂၀,၉၁၆,၂၄၄ |
| အာမခံ | ၁၃,၄၂၅,၃၅၀ | ၁၅,၅၇၇,၆၈၇ |
| အခွန်အခ | ၉၄,၁၃၂,၄၀၂ | ၁၃၇,၅၆၂,၀၂၈ |
| စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ | ၅၀,၁၇၈,၈၂၇ | ၉၆,၈၅၀,၀၈၁ |
| ဆက်သွယ်ရေးစရိတ် | ၅၄၅,၅၁၃,၇၀၀ | ၈၀၅,၁၄၉,၆၂၉ |
| သယ်ယူပို့ဆောင်ရေးနှင့် ခရီးစရိတ် | ၁၂၇,၈၉၉,၈၃၂ | ၃၀၄,၀၂၅,၉၉၀ |
| အလှူငွေ - အခြား | ၆၁,၅၃၆,၀၀၀ | ၄,၁၈၃,၅၀၀ |
| General Banking အတွက် သင်တန်းစရိတ် | ၅,၅၈၁,၅၁၅ | ၈,၉၂၄,၄၉၀ |
| ဆုံးရှုံးမှုများ၊ ပျက်စီးမှုများနှင့် စာရင်းမှပယ်ဖျက်ခြင်းများ | ၃၄,၆၇၅,၈၀၀ | ၂၁၀,၇၅၄,၂၅၀ |
| ဘဏ္ဍာရေးဆိုင်ရာ-ချေးငွေအပေါ်ဆုံးရှုံးမှု | ၂,၈၆၉,၁၃၁,၈၈၈ | ၂,၅၃၉,၈၂၇,၉၈၇ |
| အထွေထွေစရိတ် | ၁၆၀,၅၅၉,၈၇၉ | ၃၄၁,၈၄၉,၀၄၅ |
| | ၄,၁၂၂,၈၀၃,၉၀၅ | ၄,၉၅၃,၅၅၅,၀၃၁ |

## ၂၂။ ဝင်ငွေခွန်စရိတ်

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ယခုနှစ်အတွက် ဝင်ငွေခွန် လျာထားမှု | - | ၁,၂၅၆,၀၁၄,၅၂၇ |
| အခြေပစ္စည်းရောင်းချခြင်းမှအမြတ်အပေါ်အခွန် | - | ၈၉၈,၅၇၅,၅၂၂ |
| | - | ၂,၁၅၄,၅၉၀,၀၄၉ |

## ၂၃။ အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ

| | ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာ အထိ | ၂၀၂၄ - ၂၀၂၅ |
|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် |
| ဘဏ္ဍာရေးကာလအတွင်း ဘဏ်၏အစုရှင်များသို့ | ၅,၅၉၈,၅၅၀,၃၅၃ | ၁၁,၉၇၆,၁၇၀,၈၂၇ |
| ကာလအတွင်း ပျမ်းမျှသာမန်အစုရှယ်ယာအရေအတွက် | ၂၉,၆၆၄,၆၁၃ | ၂၉,၆၆၄,၆၁၃ |
| လျော့နည်းဖွယ်ရှိသော အကျိုးသက်ရောက်မှု | - | - |
| ညှိနှိုင်းပြီးပျမ်းမျှသာမန်အစုရှယ်ယာအရေအတွက် | ၂၉,၆၆၄,၆၁၃ | ၂၉,၆၆၄,၆၁၃ |
| | ၁၈၉ | ၄၀၄ |

**၂၄။ ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများ၏ လက်ကျန်စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ**

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| <u>(က)စာရင်းလုပ်ဆောင်ချက်များ</u> | | |
| ဒါရိုက်တာများ၏ အခကြေးငွေနှင့် စရိတ် | ၁၇၄,၉၅၀,၀၀၀ | ၂၇၃,၀၀၀,၀၀၀ |
| <u>(ခ) လက်ကျန်စာရင်း</u> | | |
| ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ | ၁,၇၂၁,၁၄၅,၆၉၀ | ၄,၆၄၃,၇၁၄,၀၄၁ |
| အပ်နှံငွေများ | ၉၁၉,၅၃၂,၉၀၆ | ၃၂၄,၉၁၇,၀၄၈ |

**၂၅။ အာမခံများ နှင့် ကတိကဝတ်များ**

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| <u>အာမခံများ :</u> | | |
| Performance guarantees | ၃,၆၁၂,၄၉၃,၆၃၁ | ၃,၁၁၂,၇၁၅,၉၇၀ |

အာမခံခြင်း (Guarantees) ဆိုသည်မှာ ဖော်ပြထားသော ရပိုင်ခွင့် နှင့် ပေးရန်တာဝန်များပြောင်းလဲခြင်းသို့မဟုတ် ဖြစ်ရပ်တစ်ခုအတွက် ဘဏ်မှလိုအပ်သော ပေါ်ကောင်းပေါ်လာနိုင်သော ပေးချေမှု ပြုလုပ်ရန်အတွက် ချုပ်ဆိုထားသော စာချုပ်များကိုဆိုလိုပါသည်။

ကိုရီးယား-မြန်မာ ဒလ ချစ်ကြည်ရေးတံတား၏ တဆင့်ခံ ကန်ထရိုက်တာတစ်ဦးဖြစ်သည့် မြတ်နိုးသူ ကုမ္ပဏီလီမိတက်အား ၎င်း၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အာမခံရယူ၍ ဘဏ်သည် အာမခံခြင်းပြုလုပ်သည့် ငွေကျပ် ၂,၈၇၆ သန်းတန်ဖိုးရှိ Advance payment guarantee နှင့် Performance guarantee စသည့် ဘဏ်အာမခံနှစ်ခုကို ထုတ်ပေးထားပါသည်။ အဆိုပါ ဘဏ်အာမခံနှစ်ခုကို ပင်မကန်ထရိုက်တာဖြစ်သည့် GS Engineering and Construction Corp (GS E&C) သို့ တင်သွင်းခဲ့ပါသည်။ GS E&C မှ Myat Noe Thu Co., Ltd. ၏ ပျက်ကွက်မှုအတွက် အမေရိကန်ဒေါ်လာ ၂.၃ သန်း လျော်ကြေးပေးရန် ဘဏ်ကို တောင်းဆိုထားပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တင်ပြ၍ တရားစွဲဆိုထားပါသည်။ အယူခံ အား နှစ်ဖက်ကြားနာပြီး၊ တရားရုံးဆုံးဖြတ်ချက် စောင့်ဆိုင်းနေဆဲဖြစ်ပါသည်။

<u>**Commitments:**</u>

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| ထုတ်ယူခြင်းမရှိသေးသော စာရင်းပိုထုတ်ချေးငွေ | ၄,၂၁၅,၈၈၇,၆၇၉ | ၂,၉၁၄,၄၀၄,၂၁၈ |
| | ၄,၂၁၅,၈၈၇,၆၇၉ | ၂,၉၁၄,၄၀၄,၂၁၈ |

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

နောက်ဆက်တွဲ - ၁

ပုံသေပိုင်ပစ္စည်းစာရင်း

| | မြေ မြန်မာကျပ် | အဆောက်အဦး မြန်မာကျပ် | ပရိဘောဂ မြန်မာကျပ် | ရုံးသုံး စက်ပစ္စည်း မြန်မာကျပ် | ကွန်ပျူတာ မြန်မာကျပ် | မော်တော်ယာဉ် မြန်မာကျပ် | မော်တော်ဆိုင်ကယ် မြန်မာကျပ် | စုစုပေါင်း မြန်မာကျပ် |
|---|---|---|---|---|---|---|---|---|
| **မူလတန်ဖိုး** | | | | | | | | |
| ၁-၄-၂၀၂၅ နေ့ရှိစာရင်းဖွင့်လက်ကျန် | ၄,၇၃၃,၁၄၀,၄၉၉ | ၄,၆၅၆,၁၆၃,၆၄၄ | ၉၀၀,၅၅၀,၄၀၃ | ၁,၀၄၃,၁၁၄,၃၁၃ | ၉၇၄,၄၀၃,၁၆၆ | ၆၁၁,၁၆၉,၇၃၆ | ၉,၅၂၄,၂၀၀ | ၁၂,၉၄၈,၂၆၅,၉၆၀ |
| နှစ်အတွင်းဝယ်ယူခြင်း | - | ၁,၃၁၀,၇၁၀,၀၆၅ | ၁၇,၆၆၀,၆၀၀ | ၃၃,၇၄၃,၆၀၀ | ၁၄,၀၅၆,၄၀၀ | ၃၅၀,၈၂၀,၀၀၀ | - | ၁,၇၂၆,၉၉၀,၆၆၅ |
| ရောင်းချခြင်း | - | - | - | (၁၆,၄၆၂,၄၅၀) | - | (၃၁,၆၅၇,၃၀၀) | - | (၄၈,၁၁၉,၇၅၀) |
| ပယ်ဖျက်ခြင်း | - | - | - | - | - | - | - | - |
| ဆောက်လုပ်ဆဲလက်ကျန်မှ စာရင်းပြောင်းခြင်း | - | - | - | - | - | - | - | - |
| စာရင်းညှိနှိုင်းခြင်း | - | - | - | - | ၁၉,၈၃၂,၇၂၅ | - | - | ၁၉,၈၃၂,၇၂၅ |
| ၃၀-၉-၂၀၂၅ နေ့ရှိလက်ကျန် | ၄,၇၃၃,၁၄၀,၄၉၉ | ၅,၉၆၆,၈၇၃,၇၀၉ | ၉၁၈,၂၁၁,၀၀၃ | ၁,၀၆၀,၃၉၅,၄၆၃ | ၁,၀၀၈,၂၉၂,၂၉၁ | ၉၃၀,၃၃၂,၄၃၆ | ၉,၅၂၄,၂၀၀ | ၁၄,၆၄၆,၉၆၉,၆၀၀ |
| **တန်ဖိုးလျော့လျာထား** | | | | | | | | |
| ၁-၄-၂၀၂၅ နေ့ရှိစာရင်းဖွင့်လက်ကျန် | - | ၇၉၂,၄၆၀,၇၂၉ | ၂၇၁,၆၈၉,၀၆၆ | ၃၄၄,၈၈၈,၀၉၇ | ၅၅၁,၂၂၅,၄၂၈ | ၁၁၃,၃၇၈,၃၂၂ | ၄,၇၉၈,၇၁၃ | ၂,၀၇၈,၄၄၀,၁၅၆ |
| နှစ်အတွင်းတန်ဖိုးလျော့ | - | ၃၄,၇၁၂,၃၃၁ | ၂၄,၅၅၀,၄၂၂ | ၅၁,၅၄၉,၆၉၈ | ၁၀၀,၅၇၉,၆၈၈ | ၆၁,၃၈၆,၈၅၈ | ၅၉၅,၂၆၂ | ၂၇၃,၃၇၄,၂၆၁ |
| ရောင်းချခြင်း | - | - | - | (၉,၇၄၅,၁၁၁) | - | (၃၁,၆၅၇,၃၀၀) | - | (၄၁,၄၀၂,၄၁၁) |
| ပယ်ဖျက်ခြင်း | - | - | - | - | - | - | - | |
| စာရင်းညှိနှိုင်းခြင်း | - | - | - | - | - | - | - | - |
| ၃၀-၉-၂၀၂၅ နေ့ရှိလက်ကျန် | - | ၈၂၇,၁၇၃,၀၆၀ | ၂၉၆,၂၃၉,၄၈၈ | ၃၈၆,၆၉၂,၆၈၄ | ၆၅၁,၈၀၅,၁၁၇ | ၁၄၃,၁၀၇,၈၈၀ | ၅,၃၉၃,၉၇၅ | ၂,၃၁၀,၄၁၂,၂၀၅ |
| ၃၀-၉-၂၀၂၅ နေ့ရှိအသားတင်တန်ဖိုး | ၄,၇၃၃,၁၄၀,၄၉၉ | ၅,၁၃၉,၇၀၀,၆၄၈ | ၆၂၁,၉၇၁,၅၁၅ | ၆၇၃,၇၀၂,၇၇၉ | ၃၅၆,၄၈၇,၁၇၄ | ၈၀၇,၄၂၄,၅၅၆ | ၄,၁၃၀,၂၂၅ | ၁၂,၃၃၆,၅၅၇,၃၉၅ |
| ၃၁-၃-၂၀၂၅ နေ့ရှိအသားတင်တန်ဖိုး | ၄,၇၃၃,၁၄၀,၄၉၉ | ၃,၈၆၃,၇၀၂,၉၁၄ | ၆၂၈,၈၆၁,၃၃၇ | ၆၉၈,၂၂၆,၂၁၆ | ၄၂၃,၁၇၇,၇၃၇ | ၄၉၇,၇၉၁,၄၁၄ | ၄,၇၂၅,၄၈၈ | ၁၀,၈၆၉,၈၂၅,၆၀၅ |

အထက်ဖော်ပြပါ ပုံသေပိုင်ပစ္စည်းများသည် ပုံသေပိုင်ပစ္စည်းမှတ်တမ်းစာအုပ်နှင့် ကိုက်ညီပြီး ဒါရိုက်တာများ၏အတည်ပြုချက်ဖြင့် ဝယ်ယူသောပုံသေပိုင်ပစ္စည်းများ အားလုံးပါဝင်ကြောင်း ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် က ပိုင်ဆိုင်ပြီး ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (၃၀) ရက်နေ့ တွင် အားလုံးတည်ရှိကြောင်း သက်သေခံပါသည်။

| အမှုဆောင်အရာရှိချုပ် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
|---|---|---|

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

နောက်ဆက်တွဲ - ၁.၁

ပုံသေပိုင်ပစ္စည်းစာရင်း

| | မြေ | အဆောက်အဦး | ပရိဘောဂ | ရုံးသုံး စက်ပစ္စည်း | ကွန်ပျူတာ | မော်တော်ယာဉ် | မော်တော် ဆိုင်ကယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| **မူလတန်ဖိုး** | | | | | | | | |
| ၁-၄-၂၀၂၄နေ့ရှိစာရင်းဖွင့်လက်ကျန် | ၁၁,၃၁၄,၈၉၅,၄၅၁ | ၄,၄၄၈,၄၈၃,၇၇၇ | ၈၄၉,၀၇၇,၀၅၃ | ၅၈၂,၇၁၂,၄၁၀ | ၉၉၈,၈၆၀,၄၉၀ | ၁၄၆,၃၁၂,၇၃၆ | ၁၀,၂၆၄,၂၀၀ | ၁၈,၃၅၀,၆၀၆,၁၁၇ |
| နှစ်အတွင်းဝယ်ယူခြင်း | - | ၄၈၈,၆၇၁,၁၆၂ | ၅၄,၆၆၅,၀၃၀ | ၅၁၁,၉၂၂,၀၅၃ | ၅၅,၈၃၂,၅၄၀ | ၄၈၅,၀၅၇,၀၀၀ | - | ၁,၅၉၆,၁၄၇,၇၈၅ |
| ရောင်းချခြင်း | (၅,၆၄၄,၉၅၄,၉၅၂) | (၇၅,၂၅၁,၅၄၂) | - | - | - | - | - | (၅,၇၂၀,၂၀၆,၄၉၄) |
| ပယ်ဖျက်ခြင်း | - | (၇၃၉,၇၅၃) | (၁၃,၈၂၆,၁၈၀) | (၆၁,၈၀၁,၁၅၀) | (၈၉,၆၂၃,၉၄၄) | - | (၇၄၀,၀၀၀) | (၁၆၆,၇၃၁,၀၂၇) |
| စာရင်းညှိနှိုင်းခြင်း | (၉၃၆,၈၀၀,၀၀၀) | (၂၀၅,၀၀၀,၀၀၀) | ၁၀,၆၃၄,၅၀၀ | ၁၀,၂၈၁,၀၀၀ | ၉,၃၃၄,၀၈၀ | - | - | (၁,၁၁၁,၅၅၀,၄၂၀) |
| **၃၁-၃-၂၀၂၅ နေ့ရှိလက်ကျန်** | **၄,၇၃၃,၁၄၀,၄၉၉** | **၄,၆၅၆,၁၆၃,၆၄၄** | **၉၀၀,၅၅၀,၄၀၃** | **၁,၀၄၃,၁၁၄,၃၁၃** | **၉၇၄,၄၀၃,၁၆၆** | **၆၃၁,၃၆၉,၇၃၆** | **၉,၅၂၄,၂၀၀** | **၁၂,၉၄၈,၂၆၅,၉၆၀** |
| **တန်ဖိုးလျော့လျာထား** | | | | | | | | |
| ၁-၄-၂၀၂၄ နေ့ရှိစာရင်းဖွင့်တန်ဖိုးလျော့ | - | ၇၅၇,၆၈၇,၈၀၀ | ၂၃၅,၈၀၇,၁၂၃ | ၃၀၀,၂၄၇,၆၉၆ | ၄၃၆,၉၀၂,၆၀၅ | ၃၄,၄၅၇,၁၀၅ | ၄,၂၅၅,၆၈၈ | ၁,၇၆၉,၃၅၈,၀၁၇ |
| နှစ်အတွင်းတန်ဖိုးလျော့ | - | ၆၀,၉၃၀,၅၆၇ | ၄၈,၇၅၄,၈၄၃ | ၁၀၆,၀၇၇,၅၂၆ | ၂၀၃,၈၆၃,၇၇၆ | ၇၈,၉၁၂,၂၁၇ | ၁,၂၈၃,၀၂၅ | ၄၉၉,၈၃၀,၉၅၃ |
| ရောင်းချခြင်း | - | (၁၄,၂၆၆,၄၃၈) | - | - | - | - | - | (၁၄,၂၆၆,၄၃၈) |
| ပယ်ဖျက်ခြင်း | - | (၃၅၉,၉၄၉) | (၁၂,၈၇၂,၉၀၀) | (၆၁,၄၃၇,၁၂၅) | (၈၉,၅၄၀,၉၅၂) | - | (၇၄၀,၀၀၀) | (၁၆၄,၉၅၀,၉၂၆) |
| စာရင်းညှိနှိုင်းခြင်း | - | (၁၁,၅၃၀,၂၅၀) | - | - | - | - | - | (၁၁,၅၃၀,၂၅၀) |
| **၃၁-၃-၂၀၂၅ နေ့ရှိလက်ကျန်** | **-** | **၇၉၂,၄၆၀,၇၂၉** | **၂၇၁,၆၈၉,၀၆၆** | **၃၄၄,၈၈၈,၀၉၇** | **၅၅၁,၂၂၅,၄၂၈** | **၁၁၃,၃၇၈,၃၂၂** | **၄,၇၉၈,၇၁၃** | **၂,၀၇၈,၄၄၀,၃၅၆** |
| **၃၁-၃-၂၀၂၅ နေ့ရှိအသားတင်တန်ဖိုး** | **၄,၇၃၃,၁၄၀,၄၉၉** | **၃,၈၆၃,၇၀၂,၉၁၄** | **၆၂၈,၈၆၁,၃၃၇** | **၆၉၈,၂၂၆,၂၁၆** | **၄၂၃,၁၇၇,၇၃၇** | **၅၁၇,၉၉၁,၄၁၄** | **၄,၇၂၅,၄၈၈** | **၁၀,၈၆၉,၈၂၅,၆၀၅** |

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
*(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)*
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသောကာလအတွက်
ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းမှတ်စုများ

နောက်ဆက်တွဲ - ၂

Right-of-use assets

| | ၃၀.၉.၂၀၂၅<br>မြန်မာကျပ် | ၃၁.၃.၂၀၂၅<br>မြန်မာကျပ် |
|---|---|---|
| **မူလတန်ဖိုး** | | |
| စာရင်းဖွင့်လက်ကျန် | ၅၅,၂၀၀,၀၀၀ | - |
| နှစ်အတွင်း ထပ်တိုး | - | ၅၅,၂၀၀,၀၀၀ |
| ပယ်ဖျက်ခြင်း | (၅၅,၅၀၈,၄၀၀) | - |
| စာရင်းညှိနှိုင်းခြင်း | ၇၄၉,၃၃၀,၆၅၂ | - |
| **စာရင်းပိတ်လက်ကျန်** | ၇၄၉,၀၂၂,၂၅၂ | ၅၅,၂၀၀,၀၀၀ |
| **တန်ဖိုးလျော့လျာထား** | | |
| စာရင်းဖွင့်လက်ကျန် | ၂၅,၃၀၀,၀၀၀ | - |
| နှစ်အတွင်း ထပ်တိုး | ၁၃၇,၄၁၂,၉၈၆ | ၂၅,၃၀၀,၀၀၀ |
| ပယ်ဖျက်ခြင်း | (၁,၆၃၂,၆၀၀) | - |
| စာရင်းညှိနှိုင်းခြင်း | - | - |
| **စာရင်းပိတ်လက်ကျန်** | ၁၆၁,၀၈၀,၃၈၆ | ၂၅,၃၀၀,၀၀၀ |
| **စာရင်းပိတ် အသားတင်လက်ကျန်တန်ဖိုး** | ၅၈၇,၉၄၁,၈၆၆ | ၂၉,၉၀၀,၀၀၀ |

အမှုဆောင်အရာရှိချုပ်

ဒါရိုက်တာ

ဥက္ကဋ္ဌ